MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter
Volume 2, No. 1, January 2023

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၀၂၃) ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





● နေပြည်တော်၊ ဇန်နဝါရီလ(၂၁)ရက်

(၂၀၂၃)ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr.Chen Hai၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်(၂၀၂၃)ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘော ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တရုတ်ရိုးရာ နဂါးအကအဖွဲ့များနှင့် ခြင်္သေ့အကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များ၊ ပန်းပွားအကအဖွဲ့များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဘင်ခရာတီးမှုတ်၍ အလေးပြုကြသည်။ ယင်းနောက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(လသာ) မှ ကျောင်းသား၊ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် ပန်းပွားအကအဖွဲ့တို့က ကွင်းအတွင်းနေရာယူကြပြီး ပန်းပွားအကများ၊ ဘင်ခရာ စွမ်းရည်ပြမှုများဖြင့်လည်းကောင်း၊ တရုတ်ရိုးရာ နဂါးအကအဖွဲ့က စွမ်းရည်ပြသရုပ်ဖော် ကပြမှုများဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဘတ်စကက်ဘောအသင်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲအဖြစ်မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအသင်းနှင့် လူငယ်ဘတ်စကက်ဘောအသင်းတို့က ပထမပွဲစဉ်အဖြစ် လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအသင်းနှင့် မြန်မာနိုင်ငံဘတ်စကက်ဘော အားကစားသမားဟောင်းကြီးများအသင်းတို့က ဒုတိယပွဲစဉ်အဖြစ်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ(၂)သို့ ▶







မျက်နှာဖုံးသတင်း . . . မှအဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက တရုတ်ရိုးရာ ပဝါဖြင့် ဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ ဒုတိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများက တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တရုတ်နှစ်သစ်ကူးပွဲတော်ကိုစတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်ရိုးရာနဂါး အကအဖွဲ့များမှ ဂါရဝပြု ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကာ တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။



၎င်းနောက် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနား အထိမ်းအမှတ် မီးရှူးမီးပန်း ပစ်ဖောက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနား အထိမ်းအမှတ် ညစာစားပွဲကို ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ရိုးရာ ခြင်္သေ့မျက်လုံးဖွင့်မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ကတရုတ်ရိုးရာခြင်္သေ့အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားရာတွင် ကမ္ဘာတွင် အသုံးများနေသည့် ပြက္ခဒိန်အရ နှစ်သစ်ကူးနေ့ကို ဇန်နဝါရီလ ၁ ရက်နေ့အဖြစ် ယေဘုယျ မှတ်ယူကြပါကြောင်း၊ သို့သော်လည်း ကမ္ဘာပေါ်တွင် နေထိုင်ကြသည့် လူမျိုးစုများသည် ၎င်းတို့၏ ကိုယ်ပိုင်ပြက္ခဒိန်နှင့် ကိုယ်ပိုင်နှစ်သစ်ကူးနေ့များ ရှိကြပါကြောင်း၊ မနက်ဖြန်တွင် ကျရောက်မည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့သည်လည်း လက်ရှိကမ္ဘာ့လူဦးရေ အများဆုံးဖြစ်သည့် တရုတ်လူမျိုးတို့၏ နှစ်သစ်ကူးနေ့ ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သောနေ့တွင် နှုတ်ခွန်းဆက်စကား ပြောခွင့်ရသည့်အတွက် အင်မတန် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ နှစ်သစ်ကူးသည်ဆိုခြင်းသည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကူးပြောင်းကြသည့်အခါ၌ မိမိတို့အားလုံးသည် နှစ်ဟောင်းကကြုံတွေ့ခဲ့ရသည့် အကောင်းအဆိုး၊အကြောင်းအကျိုးများကို သေချာလေ့လာစိစစ်ဝေဖန်ပိုင်းခြားပြီး နှစ်သစ်တွင် ပိုမိုကောင်းမွန်တိုးတက်အောင် အချင်းချင်း စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးဟုဆိုရာတွင် တစ်ဦးချင်း တစ်ယောက်ချင်းမှစ၍ မိသားစုအချင်းချင်း၊ ရပ်ကွက်အချင်းချင်း၊ မြို့အချင်းချင်းနှင့် နိုင်ငံအချင်းချင်းအထိ ပါဝင်ပါကြောင်း။

၂၀၂၃ ခုနှစ်သည် တရုတ်ရိုးရာ ယုန်နှစ်ဖြစ်ပါကြောင်း၊ တရုတ်ရာသီခွင်အရ လေးခုမြောက်နှစ်ဖြစ်ပြီး အဓိပ္ပာယ်မှာ ချစ်ခင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြစ်ကြောင်း၊ နှစ်သစ်ကြို အိမ်သန့်ရှင်းခြင်း၊အိမ်တံခါးများတွင် မင်္ဂလာစာလုံးများကပ်ခြင်း၊ မည်မျှပင် အဝေးသို့ရောက်ရှိနေပါစေ မိသားစုများပြန်လည် ဆုံစည်းကြခြင်း၊ နှစ်သစ်ကူးထမင်းဝိုင်းကို မိသားစုနှင့် ဝိုင်းဖွဲ့စားသောက်ခြင်း၊ နှစ်သစ်ကူး၏ ပထမဆုံးခေါင်းလောင်းသံကို စောင့်ခြင်း၊ ဆွေမျိုးများကို နှုတ်ဆက်ခြင်း စသည့် ချစ်စဖွယ်ရိုးရာဓလေ့များကို ဆောင်ရွက်ကြပါကြောင်း၊ ယနေ့ အခမ်းအနားတွင်လည်း တစ်အိမ်တည်းနေ မိသားစုများ၊ တစ်မြေတည်း တစ်မိုးတည်းအောက်တွင် နေကြသည့် ဆွေမျိုး၊ သားချင်း၊ မိတ်ဆွေများ ပြန်လည်စုစည်းတွေ့ဆုံပြီး နှစ်သစ်ကို ကြိုဆိုကြခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းသည် နှစ်သစ်ကူး၏ တန်ဖိုးရှိလှသည့် ပေါင်းစည်းမှုလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များလက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို တည်ထောင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အေဒီ ၈၀၂ ခုနှစ်ခန့်က တရုတ်ပြည်ထန်မင်းဆက် ဘုရင်လက်ထက်၌ ပျူသံတမန်အဖွဲ့သည် တရုတ်ပြည်သို့ သွားရောက်၍ အနုသုခုမပညာများဖြင့် ဖျော်ဖြေခဲ့သည့် မှတ်တမ်းများရှိခဲ့သကဲ့သို့ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်း နရသီဟပတေ့လက်ထက်တွင်လည်း ဆရာတော် ရှင်ဒိသာပါမောက္ခသည် ငြိမ်းချမ်းရေးသံတမန်အဖြစ် တရုတ်ပြည်သို့ ကြွရောက်ခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုအသိအမှတ်ပြုသည့်

>>







ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကိုလည်း ၁၉၅၀ ဇွန် ၈ ရက်တွင်စတင်နိုင်ခဲ့ပြီး လာမည့် ၂၀၂၃ ခုနှစ် ဇွန် ၈ရက်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးသည် ၇၃ နှစ်ပြည့်မြောက်မည် ဖြစ်ပါကြောင်း၊ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင်လည်း ဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးချုပ် ချူအင်လိုင်းတို့က မြန်မာ-တရုတ် နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါကြောင်း။





မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးဖြစ်ပြီး အိမ်နီးချင်း တရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်မှုကို ကြည့်မည်ဆိုပါကလည်း ကီလိုမီတာပေါင်း ၂၂၀၀ ကျော်ခန့် ထိစပ်နေသည်ကို တွေ့ရမည်ဖြစ်သည့်အပြင် သံလွင်မြစ်သည်လည်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ အထိပါ ဖြတ်သန်းစီးဆင်းနေခြင်းဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၌ မိမိတို့တိုင်းရင်းသားလူမျိုးစုများ နေထိုင်လျက်ရှိသကဲ့သို့ တရုတ်နွယ်ဖွားများသည်လည်း မိမိတို့နိုင်ငံတွင် လာရောက်အခြေချပြီး အေးချမ်းစွာနေထိုင်လျက်ရှိပါကြောင်း။

လူတစ်ယောက်၏ ဘဝလမ်းခရီးကောင်းမွန်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ကာယကံရှင်တစ်ဦးတစ်ယောက်တည်းကောင်းနေ၍ မရပါကြောင်း၊ ယင်းနှင့်ဆက်စပ်နေသည့် ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းများလည်းကောင်းရန် လိုအပ်ပါကြောင်း။ ထိုကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါကလည်း ယင်းနိုင်ငံတစ်ခုတည်းကောင်းအောင် ကြိုးစားနေရုံမက နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းများသည်လည်း အိမ်နီးချင်းနိုင်ငံကောင်းများ ဖြစ်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် အပြန်အလှန် အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို လက်ခံကျင့်သုံးနေသည့်နိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်ကို လက်ခံကျင့်သုံးနေသည့်နိုင်ငံဖြစ်ပါကြောင်း၊ မိမိကိုယ်တိုင်လည်း ၂၀၂၁ခုနှစ် မေ ၂၀ရက်တွင် တရုတ်နိုင်ငံ Phoenix ရုပ်သံမီဒီယာနှင့် အင်တာဗျူး၌ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ ယုံကြည်မှုနှင့် ချစ်ခင်ရင်းနှီးစွာနေခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ အိမ်နီးချင်းဟူသည်မှာ အရင်းနှီးဆုံး အိမ်နီးချင်းကောင်းများဖြစ်ရမည့်အကြောင်း၊ မြန်မာနိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်း ၅ နိုင်ငံနှင့် ရင်းနှီးချစ်ကြည်စွာ နေထိုင်သွားမည်ဖြစ်သည့်အကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲရေး မူ ၅ ချက်ကို ကမ္ဘာတွင် စပြီး လက်မှတ်ထိုးသည့် နိုင်ငံဖြစ်ကြောင်းကို ဖြေကြားခဲ့ပါကြောင်း၊ မိမိဖြေဆိုခြင်းဖြစ်သည်ဆိုသော်လည်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအပေါ်ထားသည့် ရပ်တည်ချက်ဆိုပါကလည်း မမှားပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် တရုတ်(တိုင်ပေ)နှင့် ပတ်သက်၍ တတိယအကြိမ် စက္ကူဖြူစာတမ်း ထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့် ဟူသည့်အတိုင်း အိမ်နီးချင်းကောင်းပီသစွာ တရုတ်တစ်နိုင်ငံတည်း မူဝါဒ(One China Policy)ကို အစဉ်ထောက်ခံရပ်တည်လျက်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

တစ်နိုင်ငံတည်း ဗိုလ်ကျစိုးမိုးနေသည့် ကေဝင်ရိုးမှ ဗဟုဝင်ရိုးကို ပြောင်းလဲနိုင်ရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည့် ကိစ္စများအပေါ်၌လည်း ကြိုဆိုအားပေးပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စ

စာမျက်နှာ(၄)သို့









စာမျက်နှာ(၃)သတင်း・・・မှအဆက်

များဖြစ်ပါကြောင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization)၌ မြန်မာနိုင်ငံကို ဆွေးနွေးဖက်နိုင်ငံအဖြစ် (Dialogue Partner) သတ်မှတ်ပေးခဲ့သည်ကိုလည်း အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများအတွက် မျက်နှာနစ်ဖက် ဆက်ဆံရေးမျိုး မရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံတစ်ခု ဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်ခုလည်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မင်္ဂလာရှိသည့် တရုတ်နှစ်သစ်ကူးနေ့တွင် ယုန်နှစ်ဖြစ်သည့်အလျောက် မိမိတို့အားလုံး ပိုမို၍ချစ်ခင်ကြပါစေ၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှု ပိုမိုရရှိကြပါစေ၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံသားများ၊ ကမ္ဘာအနှံ့ မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားများ အားလုံးနှစ်သစ်ကူးပွဲတော်၌ ပျော်ရွှင်ပါစေ၊ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ၊စီးပွားလာဘ်လာဘများ တိုးပွားပါစေ၊ အစစအရာရာအဆင်ပြေချောမွေ့ပြီး ကံကောင်းခြင်းများ ပွင့်လန်းပါစေ၊ ကျန်းမာဘေးကင်းပါစေ၊ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်းဖြင့်



ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကား ပြောကြားရာတွင် တရုတ်နှစ်သစ်ကူး ပွဲတော်သို့ ယခုကဲ့သို့ နိုင်ငံ့အကြီးအကဲ ကိုယ်တိုင်တက်ရောက်သည်မှာ ပထမဦးဆုံးအကြိမ်ဖြစ်ပြီး တက်ရောက်ချီးမြှင့် ပေးခဲ့သည့်အတွက် ကျေးဇူး အထူးတင်ရှိပါကြောင်း၊ နှစ်သစ်တွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဆွေမျိုးပေါက်ဖော်သံယောဇဉ်ကို ဆက်လက် လက်ဆင့်ကမ်းပြီး တရုတ်-မြန်မာ အေးအတူ ပူအမျှ အသိုက်အဝန်း တည်ဆောက်မှုကို စဉ်ဆက်မပြတ်ဖော်ဆောင်ကာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ရလဒ်များဖြင့် နှစ်နိုင်ငံ ပြည်သူများအတွက်အကျိုးကို ပိုမိုဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ယခုထက်ပိုမိုတိုးတက်ခိုင်မြဲပြီး အစွန့်ရှည်တည်တံ့ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ် ဥက္ကဋ္ဌက နှစ်သစ်ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူးအထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်တူရိယာ(ယူနန်ဘုံကျောင်း)အဖွဲ့မှ တီးမှုတ်ဖျော်ဖြေကြပြီး မင်္ဂလာနဂါးအဖွဲ့က ကပြဖျော်ဖြေကြသည်။

ယင်းနောက် ဘတ်စကက်ဘော ပြိုင်ပွဲ ဆုပေးပွဲကို ကျင်းပပြုလုပ်ရာ အလွတ်တန်း(အမျိုးသား) ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်း၊ အလွတ်တန်း (အမျိုးသမီး) ပထမဆုရရှိသည့် A-Studio အသင်း၊ အသက် ၅၀ ကျော်(အမျိုးသား) ပထမဆုရ Great Wall အသင်း၊ အသက် ၅၀ ကျော် (အမျိုးသမီး) ပထမဆုရ Sweet Angle အသင်းတို့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် ဘက်စကက်ဘော ပြိုင်ပွဲဝင်အသင်းများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှတ်တရ ဂုဏ်ပြုတံဆိပ်များ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်ရိုးရာ အကအဖွဲ့များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှု အစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက တရုတ်နှစ်သစ်ကူး လက်ဆောင်မွန်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် တရုတ်ရိုးရာ အကအဖွဲ့များနှင့် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို အမှတ်တရပန်းခြင်းများပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက်(၉)နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများမှ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ (အမျိုးသား/အမျိုးသမီး) ဝိတ်တန်းအလိုက် ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ



နှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ဒိုင်ဆရာကြီးများနှင့် သိုင်းပညာရှင်ဆရာကြီးများကလည်းကောင်း၊ အမျိုးသမီး (၄၉-၅၃)ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး (၄၅-၅၀)ကီလို ဓား(၁)လက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်လေးမွန်ကလည်းကောင်း၊ အမျိုးသား/အမျိုးသမီး (၄၀-၄၅) ကီလို ဓား(၁)လက်ပြိုင်ပွဲနှင့် (အမျိုးသမီး)တစ်ကိုယ်တော် လုံရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက လည်းကောင်း၊ (အမျိုးသား/အမျိုးသမီး) တစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲနှင့် (အမျိုးသား)တစ်ကိုယ်တော်လုံရှည်စွမ်းရည်ပြ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းက လည်းကောင်း၊ အမျိုးသား(၄၉-၅၃)ကီလို ဗန်တိုအတိုက်ပြိုင်ပွဲနှင့် (အမျိုးသား/အမျိုးသမီး) တစ်ကိုယ်တော် ဓား(၁)လက်၊ ဓား(၂)လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ (အမျိုးသား/အမျိုးသမီး) ဝိတ်တန်းအလိုက် ဗန်တိုအတိုက်ပြိုင်ပွဲနှင့် အမျိုးသား (၄၅-၅၀)ကီလို ဓား(၁)လက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်ကလည်းကောင်း၊ (အမျိုးသား/အမျိုးသမီး) တစ်ကိုယ်တော် လက်သိုင်းစွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများနှင့်(အမျိုးသား/အမျိုးသမီး) ဓားအတိုက်ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသည့် အောင်ပြည့်သူ(ရန်ကုန်)နှင့် လဲ့လဲ့ဝင်း(ရှမ်း)၊ (အမျိုးသား/အမျိုးသမီး) လက်သိုင်းပြိုင်ပွဲတွင် တစ်ကိုယ်တော် လက်သိုင်းပြိုင်ပွဲ၌ အကောင်းဆုံး အားကစားသမားဆုရရှိခဲ့ကြသည့် စံလင်း(ဧရာဝတီ)နှင့် မာရီနာ(ရန်ကုန်)တို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်းဆုဆွဲပြား၊ ဆုတံဆိပ်နှင့် ဂုဏ်ပြု ချီးမြှင့်

စာမျက်နှာ(၆)သို့





# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲ၊ ဗိုလ်လုပွဲနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပ







● နေပြည်တော်၊ ဇန်နဝါရီလ(၃)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်(၉)နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသော ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို (၂)ပွဲ၊ (၁)ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဂုဏ်ပြုဆုငွေကျပ် (၅)သိန်းအားလည်းကောင်း၊ တတိယဆု ရရှိသော ရခိုင်ပြည်နယ်အသင်းကို

▶ စာမျက်နှာ(၅)သတင်း…မှအဆက်

ငွေများကိုလည်းကောင်း၊ ရွှေ(၄)ခု၊ ငွေ(၄)ခု၊ကြေး(၂)ခုတို့ဖြင့် အမျိုးသားတံခွန်စိုက်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရွှေ(၅)ခု၊ ငွေ(၅)၊ ကြေး(၂)ခုတို့ဖြင့် အမျိုးသမီးတံခွန်စိုက်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ ရွှေ(၇)ခု၊ ငွေ(၉)ခု၊ ကြေး(၄)ခုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်ကလည်းကောင်း တံခွန်စိုက်ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့နှင့်ဒုတိယနေ့ပွဲစဉ်များတွင် (အမျိုးသား) သံပြားဝိုင်းပစ်နှင့် (အမျိုးသမီး)မီတာ ၁၀၀၀၀ ပြိုင်ပွဲ အမျိုးအစားများ၌ ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ (အမျိုးသား)မီတာ ၁၀၀၀၀၊ အမျိုးသား(၂၀)ကီလိုမီတာ လမ်းလျှောက်၊ အမျိုးသမီး (၁၀)ကီလိုမီတာ လမ်းလျှောက်နှင့်(အမျိုးသား/အမျိုးသမီး) ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ အမျိုးအစားများတွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။













အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေကျပ်(၁၀)သိန်းအားလည်းကောင်း၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေကျပ်(၁၅)သိန်းအားလည်းကောင်း၊ ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်Jeng Phang နော်တောင်က တစ်ဦးချင်းဆု ဆွဲပြားအား လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်



ဒေါ်အေးနုစိန်က ဂုဏ်ပြုဆုငွေကျပ်သိန်း(၂၀)နှင့် တံခွန်စိုက် ဆုဖလားအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်လျက်ရှိသည့် ၂၀၂၃ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက လည်းကောင်း၊ အမျိုးသား လုံတံပစ်ပြိုင်ပွဲတွင်ဆုရရှိကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ(၈)သို့







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ငြိမ်းချမ်းသာယာ ရေကူးကန်ဖွင့်လှစ်ပေး





● မြစ်ကြီးနား၊ ဇန်နဝါရီလ(၁၀)ရက်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်ပြည်ထောင်စုဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းတွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ငြိမ်းချမ်းသာယာ အားကစားကွင်းအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ငြိမ်းချမ်းသာယာ ရေကူးကန်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ငြိမ်းချမ်းသာယာ ရေကူးကန်ဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang. နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးဇော်အေးမောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး

▶▶





▶ စာမျက်နှာ(၇)သတင်း. . .မှအဆက်


ဦးသာအောင်က လည်းကောင်း၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲနှင့် လုံတံပစ်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညဏ်ထွန်းကလည်းကောင်း၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းကလည်းကောင်း၊ အမျိုးသား (သုံးဆင့်ခုန်ပြိုင်ပွဲနှင့် သံလုံးပစ်



ပြိုင်ပွဲ)တွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လည်းကောင်း၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် အမျိုးသားနှင့် အမျိုးသမီး တံခွန်စိုက်ဆုများရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က လည်းကောင်း တံခွန်စိုက်ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။





















များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ကချင်ပြည်နယ်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးတွင် တန်ဖိုးအကြီးဆုံး အမိုးအကာပါ ရေကူးကန်အသစ်ကို ပထမဦးဆုံး တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သည့် ပြည်နယ်တစ်ခု ဖြစ်သည့်အတွက် မှတ်တမ်းတင် ဂုဏ်ယူပါကြောင်း၊ နိုင်ငံတကာအဆင့်မီ ရေကူးကန်ဖြစ်သည့်အတွက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။


ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားသည်။

ထို့နောက် ရေကူးကန်ကိုတာဝန်ယူ တည်ဆောက်ခဲ့သည့် မြန်မာမိတ်ကာဟုမ်းကုမ္ပဏီမှ ရေကူးကန်ဆိုင်ရာ အချက်အလက်များကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံရယူသည်။ ယင်းနောက် ငြိမ်းချမ်းသာယာ ရေကူးကန်သစ်ကို ပြည်ထောင်စုဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ရေကူးကန်ဆိုင်းဘုတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက်ရောက်လာကြသူများက ရေကူးကန်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် သက်တမ်းအလိုက် ရေကူးပြိုင်ပွဲများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီကြသည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ပန်းပွားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ငြိမ်းချမ်းသာယာ ရေကူးကန်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၉၀၀ဖြင့် နိုင်ငံတကာအဆင့်မီ အလျား မီတာ ၅၀၊ အနံ ၂၅ မီတာနှင့် ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန်ဖြစ်ပြီး ရေကူးကန်အတွင်း အလျား ၉ မီတာ၊ အနံ ၅ မီတာရှိ LED အမှတ်ပေးဆိုင်းဘုတ်အပါအဝင် ဂါလန် တစ်သိန်းဆံ့ မြေအောက်ရေကန်နှင့် အသံစနစ်၊ ခေတ်မီရေသန့်စင်သောစနစ်များပါဝင်သည့် ရေကူးကန်တစ်ခု ဖြစ်ကြောင်း သိရသည်။







# ၂၀၂၃ ခုနှစ် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာအားကစားပြိုင်ပွဲများနှင့် ဌာနဆိုင်ရာ ပြခန်းခင်းကျင်းပြသ






● ကယား၊ ဇန်နဝါရီလ(၁၄)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)မှ ၂၀၂၃ခုနှစ်၊ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြို့တော်ခန်းမတွင် ဌာနဆိုင်ရာပြခန်းများ ခင်းကျင်းပြသရာ၌လည်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)တို့ ပူးပေါင်း၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြခန်းကို (၁၄-၁-၂၀၂၃)ရက်နေ့မှ(၁၆-၁-၂၀၂၃)ရက်နေ့အထိ ခင်းကျင်းပြသခဲ့ပါသည်။




အဆိုပါ အခမ်းအနားများနှင့် ပြခန်းများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ်၊ ဦးရွှေကြိမ်၊ ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး Dr. အေးထွန်း၊ ဒုတိယဝန်ကြီး Dr.အောင်ဇေယျ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသူရအောင်တို့ တက်ရောက်ခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပါသည်။

၁၄-၁-၂၀၂၃ ရက်နေ့တွင် မီတာ(၄၀၀) Synthetic ပြေးလမ်းဖွင့်ပွဲနှင့် ကိုယ်ကာယ လေ့ကျင့်ရေးအားကစားခန်းမ ဖွင့်ပွဲအခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)မှ မီတာ(၁၀၀)၊ မီတာ(၂၀၀)၊ မီတာ(၄၀၀) ပြိုင်ပွဲများသို့ သင်တန်းသား/သူ(၁၈)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး (၁၅-၁-၂၀၂၃) ရက်နေ့တွင် ကယားရိုးရာ အားကစားပြိုင်ပွဲများဖြစ်သည့် ကယားနပန်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင်(၈)ဦး၊ ကယန်းနပန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်(၈)ဦးနှင့် လွန်ဆွဲ ကျား/မ ပြိုင်ပွဲများတွင် ကျား(၂)သင်း၊ မ(၂)သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရပါသည်။





# ၂၀၂၃ ခုနှစ် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ်အားကစားကွင်း(ဒေါ်ဉခူ)အတွင်းရှိ မီတာ (၄၀၀) Synthetic ပြေးလမ်းဖွင့်ပွဲနှင့် GYM အားကစားခန်းမဖွင့်ပွဲ အခမ်းအနားကျင်းပ





● ကယား၊ ဇန်နဝါရီလ(၁၄)ရက်။

၂၀၂၃ ခုနှစ် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ်အားကစားကွင်း (ဒေါ်ဉခူ) အတွင်းရှိ မီတာ(၄၀၀) Synthetic ပြေးလမ်းဖွင့်ပွဲနှင့် GYM အားကစားခန်းမ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်(၀၉း၀၀)နာရီတွင် ကယားပြည်နယ်၊ ပြည်နယ်အားကစားကွင်း

>>

# ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားများကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၃)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲနှင့် ထုပ်ဆီးတိုး(အမျိုးသမီး) ပြိုင်ပွဲတို့၏ တတိယလုပွဲနှင့်ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်(၇)နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့်(၃) တို့ကြား၌ ကျင်းပခဲ့သည်။

ယနေ့ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား) ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအသင်းကို (၂)ပွဲ၊(၁)ပွဲဖြင့်လည်းကောင်း၊(အမျိုးသမီး)ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား)ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို(၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ (အမျိုးသမီး)ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပြည်ထောင်စု ရာထူးဝန်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

စာမျက်နှာ(၁၂)သို့







(ဒေါ်ဥ္ခု)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ်၊ နိုင်ငံတော်ကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ နိုင်ငံတော်ကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးစော ထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ကျန်းမာရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ကယားပြည်နယ်အစိုးရ အဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သရုပ်ပြ အားကစားသမားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော် များ အင်အား(၅၀၀)ဦးခန့် တက် ရောက်ခဲ့ကြကြောင်း သိရှိရသည်။



















စာမျက်နှာ(၁၁)သတင်း◦◦◦မှအဆက်


ထို့နောက် ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို ရမှတ်(၁၈)မှတ်၊(၁၂)မှတ်ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင်ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို (၁၈)မှတ်၊(၁၂)မှတ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲတွင်စတုတ္ထဆုရရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက ဂုဏ်ပြုဆုငွေ ကျပ်(၅)သိန်းအား လည်းကောင်း၊ တတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်သူရဦးဘိုနီက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ်(၁၀)သိန်းအား လည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထောင်စု ရာထူးဝန်အသင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်(၁၅)သိန်းအား လည်းကောင်း၊ ပထမဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို အားကစားနှင့်



လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်သိန်း(၂၀)အားလည်းကောင်း၊ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အသင်းကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အမြဲတမ်း အတွင်းဝန် ဦးလှဌေးက ဂုဏ်ပြုဆုငွေ ကျပ်(၅)သိန်းအားလည်းကောင်း၊ တတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်(၁၀)သိန်းအားလည်းကောင်း၊ ဒုတိယဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်(၁၅)သိန်းအား လည်းကောင်း၊ ပထမဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ်သိန်း(၂၀)အားလည်းကောင်း၊ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက ဂုဏ်ပြုဆုငွေ ကျပ်(၅)

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြခန်းအား လာရောက်ကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဇန်နဝါရီလ(၄)ရက်။

၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့်ဂုဏ်ပြုယာဉ်များပြပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်းအတွင်း၌ ဝန်ကြီးဌာနပေါင်းစုံမှ ပြခန်း(၂၅)ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း(၁၅)ခန်း၊ တိုင်းရင်းသား



ရိုးရာအစားအစာ ပြခန်း(၁၅)ခန်း၊ စုစုပေါင်းပြခန်း(၅၅)ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ်(၂၆)စီး၊နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်(၁၅)စီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် (၁)စီး၊ ပြည်ထောင်စုနောက်ပိတ် ဂုဏ်ပြုယာဉ်(၁)စီး၊ တပ်မတော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်

စာမျက်နှာ(၁၄)သို့






▶▶

သိန်းအားလည်းကောင်း၊ တတိယဆုရရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ်(၁၀)သိန်းအား လည်းကောင်း၊ ဒုတိယဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်(၁၅)သိန်းအား လည်းကောင်း၊ ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်သိန်း(၂၀) နှင့် တံခွန်စိုက်ဆုဖလားအား လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။





# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြခန်းအား လာရောက်ကြည့်ရှုအားပေး





● နေပြည်တော်၊ ဇန်နဝါရီလ(၇)ရက်။

၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်းအတွင်း၌ ဝန်ကြီးဌာနပေါင်းစုံမှ ပြခန်းများ ပြသထားလျက်ရှိရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်မိသားစုသည် ယမန်နေ့ ညနေပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းသို့ လာရောက်ကြည့်ရှု အားပေးခဲ့သည်။



အဆိုပါပြပွဲ၌ ဝန်ကြီးဌာနပြခန်း (၂၅)ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း (၁၅)ခန်း၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်း(၁၅)ခန်း၊ စုစုပေါင်းပြခန်း (၅၅)ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြု ဂုဏ်ပြုယာဉ်(၂၆)စီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်(၁၅)စီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် (၁)စီး၊ ပြည်ထောင်စုနှောက်ပိတ်ဂုဏ်ပြုယာဉ်(၁)စီး၊ တပ်မတော်ကိုယ်စားပြု ဂုဏ်ပြုယာဉ် (၅)စီး၊ စုစုပေါင်း ဂုဏ်ပြုယာဉ်(၄၈)စီးတို့ကို ခင်းကျင်းပြသထားလျက်ရှိသည်။

>>





စာမျက်နှာ(၁၃)သတင်း・・・မှအဆက်

(၅)စီး၊ စုစုပေါင်း ဂုဏ်ပြုယာဉ်(၄၈)စီးတို့ကို ပြသထားလျက်ရှိပါသည်။

အဆိုပါ ပြပွဲ၌ ပြသထားသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြု ပြခန်းအား ယနေ့ ညနေ (၁၅:၀၀) နာရီအချိန်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် လာရောက်ကြည့်ရှု အားပေးခဲ့ရာ ပြခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးဌေးအောင်မှ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအားလမ်းညွှန်မှာကြားသွားခဲ့သည်။





# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၁၃)ရက်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများတွင် ကျရာအခန်းကဏ္ဍအသီးသီးမှ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်(၉)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် (၁၄-၁၂-၂၀၂၂)ရက်နေ့မှ (၄-၁-၂၀၂၃)ရက်နေ့အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့သည့်(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအားလုံးကို ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ အလားတူ (၂၉-၁၁-၂၀၂၂)ရက်နေ့မှ စတင် လေ့ကျင့်ခဲ့ပြီး (၄-၁-၂၀၂၃) ရက်နေ့အထိ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ခဲ့ကြသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကိုယ်စားပြုစစ်ရေးပြတပ်ခွဲ ချီတက်စစ်ကြောင်းနှင့် ထိုင်ကြည့်စစ်ကြောင်းများတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်းများကိုလည်း ဂုဏ်ယူ အသိအမှတ်ပြုပါကြောင်း၊ ဒါ့အပြင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ယဉ်ကျေးမှုအဖွဲ့ဝင်များအား တည်းခိုနေထိုင်ရေးနှင့်ညှိခံကြိုဆိုကျွေးမွေးရေး ဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများ၊ အလှပြယာဉ်နှင့်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် အားကစားကွင်း/အားကစားရုံအသီးသီးတွင် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ အားကစားပြိုင်ပွဲများ မှတ်တမ်းတင်ရေးနှင့် သတင်းထုတ်ပြန်ရေးအတွက် ရိုက်ကူးရေးတာဝန် ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအားလုံးတို့ကိုလည်း ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ သို့ဖြစ်ပါ၍ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြ

စာမျက်နှာ(၁၆)သို့ ▶





▶▶

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွင် ကျောင်းသား/ကျောင်းသူများနှင့် လူငယ်များ စိတ်ဝင်တစားဖြစ်စေရန် အတွက် ကံစမ်းမဲ အစီအစဉ်များ၊ ပဟေဠိဖြေကြားသည့် အစီအစဉ်များနှင့်ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်း အစီအစဉ်များကိုလည်း ထည့်သွင်းထားရှိရာ ကျောင်းသား/ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသဖြင့် အထူးစည်ကားလျက်ရှိကြောင်းသိရှိရပါသည်။



















စာမျက်နှာ(၁၅)သတင်း...မှအဆက်

သူများအားလုံးကို ဝန်ကြီးဌာနမှ ဂုဏ်ယူအသိအမှတ်ပြုသည့် အနေဖြင့် ဝန်ထမ်းတစ်ဦးလျှင် ဆန်(၃)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ကုလားပဲ (၃၀)ကျပ်သားနှုန်းဖြင့် ဝန်ထမ်း (၇၄၃)ဦးအတွက် ဆန်(၉၄)အိတ်၊ ဆီ(၃၇၅)ပိဿာ၊ ကုလားပဲ(၂၂၅) ပိဿာစုစုပေါင်း တန်ဖိုးငွေကျပ် (၉၉၅၂၅၀၀ိ/-) (ကိုးဆယ့်ကိုးသိန်း ငါးသောင်း နှစ်ထောင့်ငါးရာကျပ်) ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် စုစုပေါင်း ရွှေတံဆိပ်(၃)ခု၊ ငွေတံဆိပ်(၄)ခုနှင့် ကြေးတံဆိပ်(၁) ခုရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားများ/နည်းပြ ဝန်ထမ်းများနှင့် အားကစားပြိုင်ပွဲများ အောင်နိုင်ရေး စွမ်းစွမ်းတမံ အားပေးခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို အထူးပင်ဂုဏ်ပြုပါကြောင်း၊ နောက်ကျင်းပပြုလုပ်မည့် အားကစားပြိုင်ပွဲများတွင်လည်း ယခုထက်ပိုမိုအောင်မြင်မှုများရရှိစေရန်အတွက် ဝန်ကြီး




ဌာန ကိုယ်စားပြုတာဝန် ထမ်းဆောင်ကြစေလိုကြောင်း၊ အလားတူ နိုင်ငံတော်အဆင့် အခမ်းအနားများ၌ ဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ စည်းစည်းလုံးလုံး တက်တက်ကြွကြွနှင့် ဝန်ကြီးဌာနကိုယ်စား နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ကြိုးစားပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနား၌ ဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ထိုင်ကြည့်စစ်ကြောင်း၊ အလုပြယာဉ်နှင့် အားကစားပြိုင်ပွဲများကျင်းပရေးအတွက် အားကစားကွင်း/အားကစားရုံအသီးသီးတွင် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ပြိုင်ပွဲကျင်းပရေးကိစ္စများ၊ တည်းခိုနေထိုင်ရေးနှင့် ညှိခံကျွေးမွေးရေးကိစ္စများတွင် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ အားကစားပြိုင်ပွဲများတွင် မှတ်တမ်းတင်ရေး၊ သတင်းထုတ်ပြန်ရေးနှင့် ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လည်းကောင်း ဆန်၊ ဆီနှင့် ကုလားပဲများကို အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားဂုဏ်ပြုချီတက်စစ်ကြောင်း၊ ထိုင်ကြည့်စစ်ကြောင်း၊ အလုပြယာဉ်နှင့် ကျရာအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။







# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၂-၂၀၂၃ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတက်ရောက်






● နေပြည်တော်၊ ဇန်နဝါရီလ(၁၇)ရက်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ(၂)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား/ကျောင်းသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။ ■







# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘော်လီဘောပြိုင်ပွဲများ ကြည့်ရှုအားပေး





● နေပြည်တော်၊ ဇန်နဝါရီလ(၂၃)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပပြုလုပ်လျက်ရှိသည့် (၂၀၂၂-၂၀၂၃)ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်၌ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ခန့်တည်ကြည်ကုမ္ပဏီနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ မဏိကမ္ဘာကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လျှာထိုးကြမ်းခင်း အသစ်ပြန်လည် ခင်းကျင်းနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး

စာမျက်နှာ(၁၈)သို့ ▶

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံး(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၂၅)ရက်။

မြန်မာ့ အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ကျောင်းသားအားကစားပွဲတော်မှတစ်ဆင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံး(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ(အကြိုဗိုလ်လုပွဲ) ပွဲစဉ်များကို ကျင်းပလျက်ရှိရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အား



ကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း‌ဇံ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသင်း အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ်(အမျိုးသား) ပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို (၃)ဂိုး၊ (၂)ဂိုးဖြင့် လည်းကောင်း၊ (အမျိုးသမီး) ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို (၆)ဂိုး၊ (၁)ဂိုးဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဘောလုံး (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

▶ စာမျက်နှာ(၁၇)သတင်း∘∘∘မှအဆက်

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရေး သတ်မှတ် စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရန်နှင့် အချိန်မီပြီးစီးရေး စေတနာထား ဆောင်ရွက်ပေးရန် ကုမ္ပဏီမှတာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် အားကစားရုံအတွင်း နံရံပတ်လည်တွင် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများနှင့် အောင်မြင်မှုဆုတံဆိပ်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ချိတ်ဆွဲထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် အားကစားရုံအရှေ့မျက်နှာစာတွင် သန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြေမှုရှိစေရေးတို့အတွက် ဘဲစာမြက်ခင်းများ၊ ပန်းပင်များနှင့် ပျိုးပင်များ စိုက်ပျိုးသွားရန် အားကစားကွင်း/အားကစားရုံဌာနခွဲမှ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ အစားအသောက်များကို သန့်သန့်ရှင်းရှင်းဖြင့် အရသာရှိအောင် စေတနာထား ချက်ပြုတ်ကျွေးမွေးရန်လိုကြောင်း၊ အားကစားနည်းအလိုက် အားကစားသမားများအတွက် တစ်နေ့တာလိုအပ်သည့် ကယ်လိုရီပမာဏနှင့် အာဟာရညီညွတ်မျှတအောင် စနစ်တကျ ကျွေးမွေးနိုင်ရန် အားကစားဆေးဘက်ဌာနခွဲမှ ကျွမ်းကျင်သူများနှင့် တိုင်ပင်ညှိနှိုင်းပြီး စနစ်တကျတွက်ချက်၍ ဆောင်ရွက်သွားရန် စားရိပ်သာတာဝန်ခံအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။





ထူးချွန်ပျိုးမြစ် မျိုးဆက်သစ်
ပေါ်ထွက်ဖို့ရည် ကမ္ဘာ့အဆင့်မီ

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဇန်နဝါရီလ(၂၉)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏သည် နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အတွင်းရေးမှူး ဦးနေမင်းသူနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်(၈)နာရီအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းသို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများအား သွားရောက်လှူဒါန်းခဲ့ပြီးနောက် ထေရဝါဒဗုဒ္ဓသာသနာပြု

စာမျက်နှာ(၂၀)သို့

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၂၆)ရက်။

မြန်မာ့အားကစား လောကအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ကျောင်းသားအားကစားပွဲတော်မှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ(ဗိုလ်လုပွဲ) ပွဲစဉ်များကိုကျင်းပလျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသင်း အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ်(အမျိုးသား) ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီး အသင်းကို (၃)ပွဲ၊(၁)ပွဲဖြင့်လည်းကောင်း၊(အမျိုးသမီး) ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို (၃)ပွဲ၊ (၂) ပွဲဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုကို ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုကို ရောဝတီတိုင်းဒေသကြီးအသင်းနှင့် ပူးတွဲတတိယဆုကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ကလည်းကောင်း၊ ဘော်လီဘော(အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုကို တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရောဝတီတိုင်းဒေသကြီးအသင်းနှင့် ပူးတွဲတတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ကလည်းကောင်း အသီးသီးရရှိခဲ့ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။





# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့သွားရောက်ကြည့်ရှုစစ်ဆေး







● နေပြည်တော်၊ ဇန်နဝါရီလ(၃၀)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပသည့် ရွှေပြည်သာ အားကစားကွင်းသို့ ရောက်ရှိပြီး ဘက်စုံအသုံးပြုနိုင်သည့် မီတာ (၄၀၀) (Synthetic) ပြေးလမ်းပါ ဘက်စုံသုံး အားကစားကွင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ရန်အတွက် မြေနေရာ တိုင်းတာခြင်းလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး လဟယ်မြို့နယ် အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားအထောက်အကူ

▶▶





▶ စာမျက်နှာ(၁၉)သတင်း•••မှအဆက်

(သီလရှင်)ကျောင်းသို့ သွားရောက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ပေးအပ်လှူဒါန်းလိုက်သော မြဝတီစာပေတိုက်မှထုတ်ဝေသည့်စာအုပ်၊ စာစောင်များအား ကိုယ်စားလှူဒါန်းခဲ့ပြီး လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများအား ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် သုတဉယျာဉ် စာကြည့်တိုက်အတွင်းရှိ ဗဟုသုတရရှိစေမည့် သုတ၊ ရသ စာအုပ် စာပေများ ထားရှိမှုများအား သွားရောက်ကြည့်ရှုခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လဟယ်မြို့ရှိ နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကျင်းပသည့် ရွှေပြည်သာအားကစားကွင်းသို့ သွားရောက်ကြည့်ရှု၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဘက်စုံအသုံးပြုနိုင်သည့် (Synthetic)ပြေးလမ်းပါ ဘက်စုံသုံး အားကစားကွင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဘောလုံးကွင်းဧရိယာအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် စနစ်တကျ တိုင်းတာဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တိုးချဲ့ရန်လိုအပ်သည့် မြေနေရာအား ဒေသအာဏာပိုင်အဖွဲ့အပါအဝင် တာဝန်ရှိသူများမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပြီး ဘောလုံးကွင်းအား အသစ်ပြန်လည်တည်ဆောက်ပြီးပါက မြက်ခင်းများ စိမ်းလန်းစိုပြေစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် စနစ်တကျဆောင်ရွက်ရမည့် နည်းလမ်းများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။ ■





# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အဖွဲ့ချုပ်ဖလား မြင်းစီးပြိုင်ပွဲဆုပေးပွဲကျင်းပ





● ရန်ကုန်၊ ဇန်နဝါရီလ(၄)ရက်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖွဲ့ချုပ်ဖလား မြင်းစီးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်(၁၀)နာရီခွဲအချိန်က ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊



ဒုတိယ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ မြင်းစီးအသင်းမှ လက်ရွေးစင်များ၊ မြင်းစီးကလပ်အသင်းများ၊ မြင်းချစ်မြတ်နိုးသူအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက မြန်မာ့ရိုးရာအသားကျပြိုင်ပွဲတွင် ပထမဆုရ ဇေယျာဝင်း (ရွှေဇင်ယော်)၊ ဒုတိယဆုရ ပြုံးချို (ထိပ်ထား)၊ တတိယဆုရ အောင်ဆန်းလင်း (မြန်မာပြည်ချမ်းချမ်း)၊ ဒုန်းပြိုင်ပွဲ(အငယ်တန်း) ပြိုင်ပွဲတွင်

စာမျက်နှာ(၂၂)သို့ ▶





▶▶

ပြုပစ္စည်းများအား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံးသို့ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းအချိန်တွင် ခန္တီးမြို့သို့ရောက်ရှိလာခဲ့ပြီး ခန္တီးမြို့ မြို့နယ်အားကစားခန်းမနှင့် အားကစားကွင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေး၍ အားကစားကွင်း အားကစားရုံ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ Inter Fence ကာရန်ခြင်းနှင့် Score Board ပြုပြင်ခြင်းများ အပါအဝင် လတ်တလောဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ရှင်း




လင်းဆွေးနွေးခဲ့ပြီးနောက် ခန္တီးခရိုင်အားကစားနှင့် လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံကာ အဖွဲ့အစည်းဖြင့် လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် စည်းစည်းလုံးလုံးနှင့် မိသားစုစိတ်ဓာတ်ထားရှိပြီး တစ်ဦးနှင့်တစ်ဦး အထက်အောက် အပြန်အလှန် လေးလေးစားစား ပြောဆိုဆက်ဆံ၍ ကူညီဖေးမ ဆောင်ရွက်လုပ်ကိုင်ကြရန်လိုကြောင်း၊ စာအုပ်စာပေများဖတ်မှသာ စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်ပြီး ဗဟုသုတများစွာ ရရှိလာမည်ဖြစ်ကြောင်း၊ ကျန်းမာရေး အထူးဂရုစိုက်ကြရန်လိုကြောင်း၊ ကျန်းမာရေး ကောင်းမွန်မှသာလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများတွင် အခက်အခဲများနှင့် အခြားလိုအပ်သည်များရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်မရွေးတင်ပြနိုင်ပြီး မိမိအနေဖြင့် အတတ်နိုင်ဆုံး ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# ၂၀၂၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီး (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ











● မကွေး၊ ဇန်နဝါရီလ(၄)ရက်။

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီလ (၄)ရက်နေ့ နံနက်(၈)နာရီအချိန်မှ စတင်၍ တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမနှင့် မကွေးခရိုင်အားကစားကွင်းတို့တွင် ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသားဖူဆယ်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ထုတ်ဆီးတိုးပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ အစရှိသည့် ပြိုင်ပွဲများအပြင် ကွင်းအတွင်း ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြပြီး တိုင်းဒေသကြီး ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ နည်းပညာတက္ကသိုလ်(မကွေး)မှ ကျောင်းသား/ကျောင်းသူများနှင့် ဒေသခံပြည်သူများမှ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ဆုရရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးတင်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုကလပ်များနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

■









▶ စာမျက်နှာ(၂၁)သတင်း၏ ...မှအဆက်

ပထမဆုရ ဇော်မြင့်(ပတ္တမြားမေ)၊ ဒုတိယဆုရ ချစ်လား(အဓိပတိ)၊ တတိယဆုရ ကျော်ထက်(ထိပ်ထား)၊ ဒုန်းပြိုင်ပွဲ (အလတ်တန်း)ပြိုင်ပွဲတွင် ပထမဆုရ ကျော်မင်းကို(ထွန်းတောက်)၊ ဒုတိယဆုရ ချစ်ချစ်နောင်(ထီလာတံခွန်)၊ တတိယဆုရ Sandra(မဲကြီး)၊ ဒုန်းပြိုင်ပွဲ (အကြီးတန်း)ပြိုင်ပွဲတွင် ပထမဆုရ ချစ်လား(ပျံလွှား)၊ ဒုတိယဆုရ အောင်အောင်စိုး(ရဲရဲတောက်)၊ တတိယဆုရ မြင့်စိုး(မူဝံ)၊ ဒုန်းပြိုင်ပွဲ (အထူးတန်း)ပြိုင်ပွဲတွင် ပထမဆုရ ဖြိုးသီဟဇော်(BONDI ROLLAR)၊ ဒုတိယဆုရ နန်းကိုဝင်း(ကစ္စပနဒီ)၊ တတိယဆုရ ဇင်မင်း(မိုးခမ်း)၊ Dresage အလှ ဦးသန်းနိုင်အောင်၊ တန်းခုန်ပြိုင်ပွဲတွင် ပထမဆုရပိုးအိဖြူ(စိန်ဝင်းမယ်)၊ဒုတိယဆုရ ရှင်းခန့်ဝင်း(မန္တလေးနွယ်)၊တတိယဆုရ သန်းနိုင်အောင်(စိန်အိမ်သူ)တို့အား အသီးသီးဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။



# (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် လွန်ဆွဲပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲ အမျိုးအစားအလိုက် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ









● မော်လမြိုင်၊ ဇန်နဝါရီလ(၄)ရက်။

မွန်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လွန်ဆွဲပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်နယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစားသမားများ၊ အားကစား ဝါသနာရှင်များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ လွန်ဆွဲဗိုလ်လုပွဲသို့ တက်ရောက်လာသော အမျိုးသမီး အားကာသိပ္ပံအသင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုနှင့် အမျိုးသား အား/ကာသိပ္ပံအသင်းနှင့် မီးသတ်တပ်ဖွဲ့အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသားမီတာ-၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသားသံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီးထုတ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲနှင့် အမျိုးသား လွန်ဆွဲပြိုင်ပွဲများတွင် (ပထမ၊ ဒုတိယ၊ တတိယ)ဆု ရရှိသူများအား ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် အတွင်းရေးမှူးတို့က အသီးသီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။





## "အားကစားစိတ်ဓာတ်"

အားကစားယှဉ်ပြိုင်ရာ၌ အနိုင်ရသူအပေါ် မနာလိုမှု(ဣဿာ) ဝန်တိုမှု (မစ္ဆရိယ) စိတ်များ မထားရပါ။အနိုင်ရလောက်သော အားကစားစွမ်းရည်ရှိ၍ အနိုင်ရခြင်းဖြစ်ကြောင်းနှင့် သူ့နည်းတူဖြစ်ဖို့ မိမိဘက်မှ ဆထက်ထမ်းပိုး ကြိုးစားရဦးမည်ဖြစ်ကြောင်းတို့ကို အမှန်အတိုင်း နားလည်လျက် အနိုင်ရသူနှင့် ထပ်တူထပ်မျှ ဝမ်းသာနိုင်အောင် ကြိုးစားရပါမည်။

# (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားများ ကျင်းပ







● ကယား၊ ဇန်နဝါရီလ(၄)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)တွင် ယနေ့နံနက် ၇ နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) ဘော်လီဘော အားကစားရုံနှင့် မီတာ (၄၀၀) Synthetic ပြေးလမ်းဘေးလုံးကွင်း၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဆုပေးပွဲ အခမ်းအနားများအားကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ်အစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေနှင့်




ပြည်နယ် အစိုးရအဖွဲ့ဝင်များ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ခေတ္တကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းထွေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ပါသည်။

ပထမဦးစွာ ခေတ္တဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ဘော်လီဘော အားကစားရုံတွင် ကျင်းပသော ထုတ်ဆီးတိုး(မ)ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီးနောက် မီတာ(၄၀၀) အားကစားကွင်း၌ ကျင်းပပြုလုပ်သော အမျိုးသား/အမျိုးသမီး မီတာ(၁၀၀)၊မီတာ(၂၀၀)၊ မီတာ(၄၀၀)၊မီတာ(၈၀၀) ပြေးခုန်ပစ်ပြိုင်ပွဲများ၊ အာလူးကောက်(မ)၊မုန့်ကိုက်(ကျား၊မ) ပြိုင်ပွဲများနှင့် မီတာ(၁၀၀) လက်ဆင့်ကမ်း (ကျား၊မ)၊ အလျားခုန်(ကျား၊မ)၊ သံလုံးပစ်(ကျား၊မ)၊ ခေါင်းအုံးရိုက်(ကျား၊မ)၊ အား/ကာသိပ္ပံ(လွိုင်ကော်)အသင်းနှင့် ကွန်ပျူတာတက္ကသိုလ်အသင်းများမှ လွန်ဆွဲ(ကျား၊မ)ပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ပြီး ဆုပေးပွဲအခမ်းအနားအား ဆက်လက်ကျင်းပပြုလုပ်ရာ ပြိုင်ပွဲ၌ ဆုရရှိကြသူများအား တာဝန်ရှိပုဂ္ဂိုလ်များမှ ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။







# ၂၀၂၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ





● ပဲခူး၊ ဇန်နဝါရီလ(၄)ရက်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျင်းပပြုလုပ်ခဲ့သည့် အားကစားပြိုင်ပွဲများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီလ(၄)ရက်နေ့ နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ

# ၂၀၂၃ ခုနှစ်၊ တရုတ်နှစ်သစ်ကူးပွဲတော် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





● ရန်ကုန်၊ ဇန်နဝါရီလ(၁၀)ရက်။

ဘတ်စကက်ဘော အားကစားနည်းအား မြန်မာနိုင်ငံတစ်ဝှမ်း ကျယ်ပြန့်စွာ လှုပ်ရှားကစားစေခြင်းဖြင့် ဘတ်စကက်ဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် လည်းကောင်း၊ ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးခြင်းဖြင့် မျိုးဆက်သစ် အားကစားသမားများ ဘတ်စကက်ဘော အားကစားစွမ်းရည် တိုးတက်မြင့်မားပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်အဆင့်အထိ ရောက်ရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်နှင့်မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ်၊



တရုတ်နှစ်သစ်ကူးပွဲတော် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသား အားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအိုင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြား၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chen Hai က တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် နာယက၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌ၊ ယူနန်အသင်းဥက္ကဋ္ဌ၊ဖူကျန့်အသင်းဥက္ကဋ္ဌ၊ ကွမ်တုန်းအသင်း ဥက္ကဋ္ဌ၊ ကုသိုလ်ဖြစ်အသင်း ဥက္ကဋ္ဌ၊

စာမျက်နှာ(၂၆)သို့ ▶






▶▶

ကြီးမှူးပြီး (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့တွင် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ သက်ကြီးဘောလုံးပြိုင်ပွဲ၊ဘတ်စကက်ဘောပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးထိုးပြိုင်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပါသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ကျင်းပပြုလုပ်ရာ မီတာ(၅၀)အမျိုးသားကြီး၊ အမျိုးသားလတ်၊ အမျိုးသားငယ်၊ သုံးချောင်းထောက်ပြေးပြိုင်ပွဲ၊အိတ်စွပ်ပြိုင်ပွဲနှင့် ပူဖောင်းဖောက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ မီတာ(၅၀)အမျိုးသမီးကြီး၊ အမျိုးသမီးလတ်၊ အမျိုးသမီးငယ် အာလူးကောက်ပြိုင်ပွဲ၊ စာအုပ်ရွက်ပြိုင်ပွဲနှင့်အပ်နဖားထိုးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများ၊ သက်ကြီး၊ သက်လတ် ခေါင်းအုံးရိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသား၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ထုပ်ဆီးထိုးပြိုင်ပွဲ၊ အသင်းလိုက်စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ တစ်ဦးချင်းစားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ဘတ်စကက်ဘောပြိုင်ပွဲ၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများမှ ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သက်ကြီးဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသော ဟံသာဝတီအသင်း၊ ဒုတိယဆု ရရှိသော ဟသ်ာအသင်းနှင့် ပထမဆုရရှိသော ဥသာအသင်းတို့အား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်မှ ဆုများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။













စာမျက်နှာ(၂၅)သတင်း...မှအဆက်

CECCM အသင်းဥက္ကဋ္ဌ၊မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲတွင် ကွင်းတစ်ဝက်ကစားရသည့် 3 on 3 အသက်(၂၀) နှစ်နှင့်အောက်ပြိုင်ပွဲတွင် အမျိုးသားအသင်း ၂၀ သင်း၊ အမျိုးသမီးအသင်း ၇ သင်း၊ အလွတ်တန်းအမျိုးသားပြိုင်ပွဲတွင် ၂၁ သင်း၊ အလွတ်တန်းအမျိုးသမီးပြိုင်ပွဲတွင် အသင်း ၆ သင်း၊ 5 on 5 အလွတ်တန်းအမျိုးသားပြိုင်ပွဲတွင် အသင်း ၁၇ သင်း၊ အမျိုးသမီးအသင်း ၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။



ယင်းချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ၏ 3 on 3 အသက်(၂၀) နှစ်နှင့်အောက် အမျိုးသားပြိုင်ပွဲမှ အသင်း ၂၀ သင်းအား အုပ်စုလေးစုဖြင့်လည်းကောင်း၊ 3 on 3 အသက်(၂၀)နှစ်နှင့်အောက် အမျိုးသမီးပြိုင်ပွဲမှ အသင်း ၇ သင်းအားအုပ်စုနှစ်အုပ်စုဖြင့်လည်းကောင်း၊ 3 on 3 အမျိုးသားအလွတ်တန်း ပြိုင်ပွဲမှ အသင်း ၂၁ သင်းအား အုပ်စုလေးစုဖြင့်လည်းကောင်း၊ 3 on 3 အမျိုးသမီးအလွတ်တန်းပြိုင်ပွဲမှ အသင်း ၆ သင်းအား အုပ်စုနှစ်စုဖြင့် လည်းကောင်း၊ 5 on 5 အလွတ်တန်းပြိုင်ပွဲ အမျိုးသားပြိုင်ပွဲမှ အသင်း ၁၇ သင်းအား အုပ်စုလေးစုဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး 5 on 5 အလွတ်တန်း အမျိုးသမီး

>>>





# ပြည်နယ်နှင့်တိုင်းဒေသကြီး( အလွတ်တန်း) ဂေါက်သီး၊ မြန်မာ့သိုင်း၊ ပေးခွန်ပစ် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိသည့် အားကစားအဖွဲ့များအား ဂုဏ်ပြု





● ထားဝယ်၊ ဇန်နဝါရီလ(၁၂)ရက်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်း) ဂေါက်သီး၊ မြန်မာ့သိုင်း၊ ပေးခွန်ပစ် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိသည့် အားကစားအဖွဲ့များအား ဂုဏ်ပြုပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ထားဝယ်မြို့

စာမျက်နှာ(၂၈)သို့















ပြိုင်ပွဲမှ အသင်း ၅ သင်းသည် ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် တာဝန်ရှိသူများက U-20 အလွတ်တန်း (အမျိုးသား/အမျိုးသမီး)(3x3)ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ U-20 (3x3)အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ U-20 (3x3) အမျိုးသား တံခွန်စိုက်ဒိုင်းဆုရရှိသောPorabola အသင်း၊ အလွတ်တန်း (၃ x ၃) အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရရှိသော Suluck Dalivary အသင်းနှင့် အလွတ်တန်း (3x3) အမျိုးသားတံခွန်စိုက်ဒိုင်းဆု ရရှိသော TawGang အသင်းတို့အား ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

အဆိုပါ ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်မှ ၁၇ ရက်ထိ ပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီးအသင်း ၃၈ သင်း အားကစားသမား ၅၀၀ကျော်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

# အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)တွင် ၂၀၂၃ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ





● မော်လမြိုင်၊ ဇန်နဝါရီလ(၂၁)ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)နှင့် အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းတို့ ညှိနှိုင်းပေါင်းစပ်၍ ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ်၊ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉း၀၀)နာရီ အချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) အုပ်ချုပ်မှုရုံး စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်မှ ဂုဏ်ပြုနှုတ်ခွန်းဆက်အဖွင့်အမှာစကား ပြောကြားခြင်း၊ အားကစားနှင့်ပညာရေး ပေါင်းစပ်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးမှ ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ၂၀၂၃ ခုနှစ် Grade-10, Grade-11တွင် ကျောင်းတွင်းဆုရရှိသူများ၊ တက္ကသိုလ်ဝင်တန်းတွင်အောင်မြင်သူများ၊တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပြသသည့် ဘာသာရပ်ဆိုင်ရာ ဆရာမအားလည်းကောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများ၊ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများနှင့် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိပုဂ္ဂိုလ်များမှ ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။



အဆိုပါအခမ်းအနားသို့ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာ

▶▶





▶ စာမျက်နှာ(၂၇)သတင်း•••မှအဆက်

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအနေဖြင့် ရရှိပြီးသော အောင်မြင်မှုများကို အနာဂတ်သို့တိုင်အောင် ထိန်းသိမ်းသယ်ဆောင် သွားနိုင်ရန်အတွက် မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ဆက်လက် ကြိုးပမ်းအားထုတ်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက တိုင်းဒေသကြီး ဂေါက်သီးအားကစားအဖွဲ့ ရရှိလာသော ဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အပ်နှံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က အကျောပေးပြိုင်ပွဲ တတိယဆုရရှိသည့် တိုင်းဒေသကြီး ဂေါက်သီးအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်း၊ တစ်ဦးချင်းပြိုင်ပွဲ တတိယဆုရရှိသော မောင်အောင်မျိုးထွန်းအား ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း၊ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ရရှိသော တိုင်းဒေသကြီး မြန်မာ့သိုင်း အားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေ ကျပ်ခုနစ်သိန်း၊ ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ကိုးခု၊ ကြေးတံဆိပ် ငါးခုရရှိသော ပြေးခုန်ပစ် အားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ၁၀၃ သိန်းပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က တိုင်းဒေသကြီး ဂေါက်သီးအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း၊ တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းမင်းလတ်က ပြေးခုန်ပစ်အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်(၁၀)သိန်းပေးအပ်ပြီး အားကစားအဖွဲ့များကိုယ်စား တိုင်းဒေသကြီး မြန်မာ့သိုင်းအဖွဲ့အုပ်ချုပ်သူ ဦးဇေယျာဌေးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။



# ၂၀၂၃ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC Futsal Coaching Certificate Course Level 1 (ဖူဆယ်နည်းပြဆရာသင်တန်း)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

● တောင်ကြီး၊ ဇန်နဝါရီလ(၂၃)ရက်။

၂၀၂၃ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC Futsal Coaching Certificate Course Level 1 (ဖူဆယ်နည်းပြဆရာသင်တန်း)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၉း၀၀)နာရီတွင် တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံတွင်ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်၊ တိုင်းရင်းသားရေးရာဝန်ကြီး

စာမျက်နှာ(၃၀)သို့ ▶
















▶▶

ဝန်ကြီး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ မွန်ပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ (၁၀၂)ဦးတို့ တက်ရောက်ခဲ့ကြပြီး ကျောင်းသား/ကျောင်းသူများမှ ပညာပန်းခင်းသီချင်း၊ ဒူလေလေ ကရင်ဒိုးအက၊ ပန်းမျိုးတစ်ရာ သကြၤန်အက၊ Waka Waka အက၊ ရွဲကုန်သည်ပြဇာတ်၊Fitness Dance အကနှင့် ပြည်မြန်မာသီချင်းဖြင့် ဖျော်ဖြေခဲ့ကြပါသည်။ အခမ်းအနားအပြီးတွင် ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆရာ/ဆရာမများ၊ ဆုရရှိသူများ၊ ကျောင်းသား/ကျောင်းသူများ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သိရှိရပါသည်။

■





# ၂၀၂၃-ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ဂုဏ်ဆောင် အားကစားသမားများနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ





● စစ်ကိုင်း၊ ဇန်နဝါရီလ(၂၄)ရက်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၂၃ ခုနှစ်၊(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့သည့်



စစ်ကိုင်းတိုင်းဒေသကြီး ဂုဏ်ဆောင် အားကစားသမားများနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် (၈း၃၀)နာရီအချိန်တွင် မုံရွာမြို့ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်တက်ရောက်၍အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ တံခွန်စိုက်ဆုဖလားများ အပ်နှံခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသည့် အုပ်ချုပ်သူ/နည်းပြ

▶▶







▶ စာမျက်နှာ(၂၉)သတင်း•••မှအဆက်


ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ပြည်နယ်ဘောလုံး ဆပ်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ သင်တန်းသား/သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြသည်။ ထို့နောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ အရည်အသွေးပြည့်ဝသော နိုင်ငံတကာ အသိအမှတ်ပြု လိုင်စင်ရ ဖူဆယ်နည်းပြဆရာများ ပေါ်ထွက်လာစေရန်၊ ပြောင်းလဲလာသည့်နည်းဥပဒေသစ်တွေကို ခေတ်နှင့်အညီ သိရှိရန် လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်အတွက် ဖူဆယ်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန်လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်အတွက်အားထားရတဲ့ လေ့ကျင့်ရေး စွမ်းအင်ပြည့်ဝသော ဖူဆယ်နည်းပြဆရာများ အမြောက်အမြားပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွင့်မှ အမှာစကားပြောကြားပြီး အာရှဘောလုံးအဖွဲ့ချုပ် သင်တန်းနည်းပြဆရာ ဦးတင်မောင်ဌေးမှ နှုတ်ဆက်စကား ပြောကြားကာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြပါသည်။

အဆိုပါ AFC Futsal Coaching Certificate Course Level 1 (ဖူဆယ်နည်းပြ ဆရာသင်တန်း) သင်တန်းကို သင်တန်းသား/သင်တန်းသူ(၂၀)ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ (၂၃-၁-၂၀၂၃)ရက်နေ့မှ (၂၈-၁-၂၀၂၃)ရက်နေ့အထိ (၇)ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။



# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား နေ့လယ်စာပြင်ဆင်ညှော်ခံကျွေးမွေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဇန်နဝါရီလ(၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ ဖျော်ဖြေတင်ဆက်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တွင် လာရောက်တည်းခို နေထိုင်လျက်ရှိရာ အဆိုပါအဖွဲ့များအား Gold Medal Hall ၌ နေ့လယ်စာ ပြင်ဆင်ညှော်ခံကျွေးမွေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရန်နှင့် အခြားလိုအပ်သည်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ ■

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၂)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် (၉)နာရီမှစတင်၍ နေပြည်တော်

စာမျက်နှာ(၃၂)သို့ ▶

▶▶

များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုရရှိခဲ့ကြသော အားကစားအသင်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်တို့က ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ရရှိခဲ့ကြသော ထူးချွန် အားကစားသမားများအား ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ဉာဏ်မြင့်ကျော်နှင့် တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်လှလှဝင်းတို့က ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ငွေတံဆိပ်ဆု ရရှိခဲ့ကြသော ထူးချွန် အားကစားသမားများအား ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းက ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆု ရရှိခဲ့ကြသော ထူးချွန် အားကစားသမားများအား ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးက ပြည်ပနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် ထူးချွန်အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးထံ ငွေကျပ်(၂၁)သိန်းတို့အားလည်းကောင်း၊ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်(၁၉၀)သိန်းနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ငွေကျပ်(၂၅၂)သိန်း၊ ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း(၄၄၂)သိန်း(ကျပ်လေးရာ့လေးဆယ့်နှစ်သိန်းတိတိ)အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။






# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများ ဆက်လက်ကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၂)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲကို ယနေ့နံနက်(၈)နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့်(၃)တို့ကြား၌ ဆက်လက်ကျင်းပခဲ့ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။



ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ်(အမျိုးသား) ပြိုင်ပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုရာထူးဝန် အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊(အမျိုးသမီး)ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို (၂)ပွဲ၊ (၁)ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိလေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် (၃)တို့ကြား၌ လွန်ဆွဲ (အမျိုးသား/အမျိုးသမီး) ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ်(အမျိုးသား)ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအသင်းကို(၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ (အမျိုးသမီး)ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း ပြည်ထောင်စုရာထူးဝန်အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိသည်။

ဇန်နဝါရီလ(၃)ရက်နေ့ နံနက်(၇)နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့်(၃)တို့ကြား၌ တတိယလုပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား) ပြိုင်ပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှလည်းကောင်း၊ (အမျိုးသမီး)ပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှလည်းကောင်း ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား)ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ လည်းကောင်း၊ (အမျိုးသမီး)ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အသင်းတို့မှလည်းကောင်း အသီးသီး ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ အနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

▶ စာမျက်နှာ(၃၁)သတင်း⋯မှအဆက်

ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိသည်။



## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား နေ့လယ်စာ ပြင်ဆင်ကျွေးမွေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဇန်နဝါရီလ(၃)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ ဖျော်ဖြေတင်ဆက်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)တွင် လာရောက်တည်းခို နေထိုင်လျက်ရှိရာ အဆိုပါအဖွဲ့များအား Gold Medal Hall ၌ နေ့လယ်စာ ပြင်ဆင်ကျွေးမွေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရန်နှင့် အခြားလိုအပ်သည်များကို ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

■

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ညနေစာ ပြင်ဆင်ကျွေးမွေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဇန်နဝါရီလ(၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့ညနေ(၅)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp တွင် လာရောက်တည်းခို နေထိုင်လျက်ရှိသည့် ၂၀၂၃ ခုနှစ်၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ ဖျော်ဖြေတင်ဆက်ခဲ့သည့် ပြည်နယ်



နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များအား နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ Gold Medal Hall ၌ ညနေစာ ပြင်ဆင်ကျွေးမွေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြခန်းအား လာရောက်ကြည့်ရှု



● နေပြည်တော်၊ ဇန်နဝါရီလ(၆)ရက်။

၂၀၂၃ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်းအတွင်း၌ ဝန်ကြီးဌာနပေါင်းစုံမှ ပြခန်းများ ပြသထားလျက်ရှိရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းသို့ လာရောက်ကြည့်ရှုခဲ့ရာ လူထုအားကစားနှင့် ပညာပေးဌာနခွဲမှ ပြခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးဌေးအောင်က ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို

စာမျက်နှာ(၃၄)သို့ ▶

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားနည်းများအား လိုက်လံကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဇန်နဝါရီလ(၁၀)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက်(၉)နာရီမှ စတင်၍ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားနစ် အားကစားနည်းမှ အားကစားသမားများ လေ့ကျင့်ကစားနေမှုများကို လည်းကောင်း၊ လူငယ် အားကစားလေ့ကျင့်ရေးစခန်းမှ ဘောလုံးအားကစားသမားများ GYM ကစားနေမှုများကို လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ပူးတွဲလေ့ကျင့်မှုများပြုလုပ်နေသည့် ပိုက်ကျော်ခြင်းအားကစားနည်းမှ အားကစားသမားများ၏ လေ့ကျင့်ကစားနေမှုများကို လည်းကောင်း၊ ဗိုဗီနမ်အားကစားရုံတွင် ဗိုဗီနမ်အားကစားနည်းမှ အားကစားသမားများကို ဗီယက်နမ်နည်းပြမှ လေ့ကျင့်သင်ကြားပြသပေးနေမှုများကိုလည်းကောင်း၊ ရိုးရာခြင်းလုံးအားကစားရုံတွင် ရိုးရာခြင်းလုံးအားကစားနည်းမှ ခြင်းလုံးအားကစားသမားများ၏ လေ့ကျင့်ကစားနေမှုများကိုလည်းကောင်း၊ Training Hall No.(3)၌ ပိုက်ကျော်ခြင်းအားကစားနည်း၊ ဂွင်းသွင်းခြင်းခတ် အားကစားနည်း (Hoop Takraw)၊ တိုက်ကွမ်ဒို အားကစားနည်းတို့မှ အားကစားသမားများ၏ လေ့ကျင့်ကစားနေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား



▶▶





▶ စာမျက်နှာ(၃၃)သတင်း...မှအဆက်

တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသွားခဲ့သည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွင် ကျောင်းသား/ ကျောင်းသူများနှင့် လူငယ်များ စိတ်ဝင်တစားဖြစ်စေရန်အတွက် ကံစမ်းမဲအစီအစဉ်များ၊ ပဟေဠိဖြေကြားသည့် အစီအစဉ်များနှင့်ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်း အစီအစဉ်များကိုလည်း ထည့်သွင်းထားရှိရာ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြသည်။

အဆိုပါ ပြပွဲ၌ ဝန်ကြီးဌာနပြခန်း (၂၅)ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း (၁၅)ခန်း၊ တိုင်းရင်းသားရိုးရာအစားအစာ ပြခန်း(၁၅)ခန်း၊ စုစုပေါင်းပြခန်း (၅၅)ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြု ဂုဏ်ပြုယာဉ်(၂၆)စီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်(၁၅)စီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် (၁)စီး၊ ပြည်ထောင်စုနောက်ပိတ် ဂုဏ်ပြုယာဉ်(၁)စီး၊ တပ်မတော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်(၅)စီး၊ စုစုပေါင်း ဂုဏ်ပြုယာဉ် (၄၈)စီးတို့ကို ဇန်နဝါရီ ၄ ရက်မှစတင်၍ ၈ ရက်အထိ တပေါင်းကွင်း၌ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မိဘပြည်သူများ အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။



# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အလေးမအားကစားနည်းပြိုင်ပွဲအသွင် ဆန်းစစ်ပြိုင်ပွဲ ကြည့်ရှုအားပေး






● နေပြည်တော်၊ ဇန်နဝါရီလ(၁၁)ရက်။

၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းတွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် အလေးမအားကစားနည်းမှ ပဏာမလက်ရွေးစင် အားကစားသမားများကို ဝိတ်တန်းအလိုက် ပြိုင်ပွဲအသွင် ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက်(၉)နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမအားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်



ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ဦးကျော်စိုးမိုးနှင့် မြန်မာနိုင်ငံအလေးမအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အလေးမအားကစားနည်းပြိုင်ပွဲအသွင် ဆန်းစစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၅)ကီလိုတန်းတွင် ဇင်မေဦးကလည်းကောင်း၊ (၄၉)ကီလိုတန်းတွင် ပြည့်ပြည့်ဖြိုးကလည်းကောင်း၊ (၅၉)ကီလိုတန်းတွင် နော်တဘိုးရာကလည်းကောင်း၊ (၇၁)ကီလိုတန်းတွင် ခိုင်သဇင်သင်းကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၆၇)ကီလိုတန်းတွင် သီဟအောင်ကလည်းကောင်း၊(+၈၉)ကီလိုတန်းတွင် ရန်မျိုးကျော်ကလည်းကောင်း အသီးသီး ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြောင်း သိရသည်။






---

▶▶

လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှဝန်ထမ်းများအား Electronic Identity (EID) Card ပြုလုပ်ဆောင်ရွက်နိုင်ရေးအတွက် Biometric Enrollment Application Form ဖြည့်သွင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။







# လူထုအားကစား

ကိုဌေး (ကနောင်)




## တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် လွန်စွာအရေးကြီးပုံ

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု ထူထောင်ရာတွင် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုကို အခြေခံရမည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် လွန်ခဲ့သောနှစ်ပေါင်း(၁၀၀၀)ကျော်က ဂရိနိုင်ငံများတန်ခိုးကြီးထွားစဉ် စပါတာလူမျိုးများသည် ၎င်းတို့နိုင်ငံသားများ၏ ကျန်းမာကြံ့ခိုင်ရေးအား အထူးအလေးပေးသည့်အနေဖြင့် နိုင်ငံအတွင်းမွေးဖွားလာသော ကလေးများအား ချီလီဆိုသည့်အရပ်သို့ သွားရောက်ပြီး ကျန်းမာရေးစစ်ဆေးသည့်အဖွဲ့ထံ စစ်ဆေးခံရကြောင်း၊ ကျန်းမာသန်စွမ်းသည့် ကလေးများအား နိုင်ငံမှ အစစအရာရာ တာဝန်ယူ ပြုစုပျိုးထောင်ပြီး ကျန်းမာသန်စွမ်းမှု မရှိခြင်း၊ ကိုယ်လက်အင်္ဂါ ပြည့်စုံခြင်း မရှိသည့် ကလေးငယ်များအား အပိုဗီသီဆိုသည့် ချောက်ကမ်းပါးမှ အောက်သို့ပစ်ချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။ ကျန်းမာသန်စွမ်း၍ ရောဂါကင်းသော ကလေးများအား နိုင်ငံတော်မှ အားကစားနှင့် စစ်ရေးပညာများ တွဲဖက်သင်ကြားပေးပြီး ကျန်းမာသန်စွမ်းသော လူငယ်များနှင့် တောင့်တင်းခိုင်မာသော စစ်တပ်ကို ဖွဲ့စည်းပြီး နိုင်ငံ၏ ကာကွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးရာ အဖြာဖြာတို့ကို တည်ဆောက်ခဲ့ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည့် ရာဇဝင်အထောက်အထားများကို တွေ့ရမည်ဖြစ်ပါသည်။ ဤသည်ကား တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် လွန်စွာအရေးကြီးသည်ကို ဖော်ညွှန်းနေခြင်းပင်ဖြစ်ပါသည်။

## လူထုအားကစား ပေါ်ပေါက်လာပုံ

လူထုအားကစား စတင်ပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၅၅-၁၉၅၆ ခုနှစ်ဝန်းကျင်ခန့်တွင် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု မှတ်သားဖူးပါသည်။ အဆိုပါအချိန်ကာလတွင် နိုင်ငံအများစုသည်လွတ်လပ်ရေးရရှိခဲ့ကြပြီး ဒုတိယကမ္ဘာစစ်အတွင်း စစ်ဘေးစစ်ဒဏ်ခံရသည့်အတွက် တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ကြရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့်အရာမှာ ပြည်သူများ၏ ကာယကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို ဦးစားပေးပျိုးထောင်ပေးခြင်းမှတစ်ပါး အခြားနည်းလည်း မရှိကြောင်း သိရှိခဲ့ကြပါသည်။ တိုင်းပြည် ပြန်လည်ထူထောင်ရေးကာလတွင် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ တည်ဆောက်ရာတွင် ကုန်ထုတ်စွမ်းအားမြင့်မားရေးအတွက် ကျန်းမာသန်စွမ်းသည့် ကာယ၊ ဉာဏလုပ်သားကောင်းများရရှိရန် လိုအပ်သကဲ့သို့ တိုင်းပြည်အား ကာကွယ်စောင့်ရှောက်ရန်အတွက် ကျန်းမာသန်စွမ်းသည့် စစ်သည်များလည်း မရှိမဖြစ်လိုအပ်လာပါသည်။ သို့ဖြစ်၍ ကျန်းမာသန်စွမ်းသည့် ပြည်သူ ပြည်သားများ ဖြစ်လာစေရေးအတွက်






အားကစားလှုပ်ရှားမှုများကို ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် ဆောင်ရွက်ပေးရမည့် နည်းလမ်းမှတစ်ပါး အခြားနည်းလမ်းမရှိကြောင်းလည်း သိရှိနားလည်လာခဲ့ကြပါသည်။ အဆိုပါကာလများတွင် ဆောင်ရွက်ခဲ့သည့် အားကစားလှုပ်ရှားဆောင်ရွက်မှုများမှာ အပျင်းပြေသဘောမျိုး ဆောင်ရွက်ခြင်းမဟုတ်ဘဲ အမျိုးသားရေးစိတ်ဓာတ်နှင့် သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ကြခြင်းလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၆၄ ခုနှစ်မှစတင်၍ ကျန်းမာကြံ့ခိုင်မှုနှင့်ပြည့်စုံသည့် ပြည်သူများ ဖြစ်ပေါ်လာစေရေးအတွက် Mass Sports ဟုခေါ်သည့် လူထုအားကစားလုပ်ငန်းများအား "လူတစ်စု အားကစားမှ လူထုအားကစား" ဆိုသည့် ဆောင်ပုဒ်အား စိုက်ထူစွဲကိုင်ပြီး "ကျေးရွာအဆုံး၊ တစ်ပြည်လုံး၊ ဆင်းရဲချမ်းသာ ကစားပါ" ဆိုသည့် ကြွေးကြော်သံနှင့် လူထုအားကစားလှုပ်ရှားဆောင်ရွက်မှုများအား တပ်လှန့်နှိုးဆော်ဆောင်ရွက်ခဲ့သည့် အားကစားသမိုင်းမှတ်တိုင်များ ခိုင်ခိုင်မာမာရှိခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

# း မြှင့်တင်ပေး



**လူထုအားကစား၏ သဘောသဘာဝများ**

အထက်ဖော်ပြပါ လူထုအားကစားပေါ်ပေါက်လာရခြင်း၏ သမိုင်းကြောင်းအပေါ် အခြေခံ၍ လူထုအားကစားနှင့်ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် “လူထုအားကစားဆိုသည်မှာ အားကစားလှုပ်ရှားဆောင်ရွက်မှု အရပ်ရပ်တွင် လူအများစုသာမဟုတ်ဘဲ လူထုတစ်ရပ်လုံး ပါဝင်




လှုပ်ရှားကစားခြင်း” ဟူ၍လည်းကောင်း၊ “လူထုအားကစားဆိုသည်မှာ ငွေကုန်ကြေးကျနည်း၍ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်၊ ယောက်ျား၊ မိန်းမ မရွေး လွယ်လင့်တကူ စုပေါင်းလေ့ကျင့်နိုင်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း” ဟူ၍ လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ လူထုအားကစားမှာ အခြားအားကစားနည်းများကဲ့သို့ လေ့ကျင့်ယှဉ်ပြိုင်ခြင်းများ မပါဝင်ဘဲ ကျန်းမာကြံ့ခိုင်မှုရှိရေးကို ဦးတည်၍ လူအများ လွတ်လပ်ပျော်ရွှင်စွာ စုပေါင်းဆောင်ရွက်ကြခြင်းမျိုးဖြစ်ပါသည်။

လူထုအားကစား လှုပ်ရှားမှုများဖြစ်သည့် စုပေါင်းလမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုကို စုပေါင်းပြုလုပ်ခြင်းများသည် အားကစားအထောက်အကူပြုပစ္စည်း မလိုခြင်း၊ အသက်အရွယ် ကျား၊ မ မရွေး စုပေါင်းပါဝင် လှုပ်ရှားနိုင်ခြင်း၊ ပြိုင်ပွဲအသွင် မဟုတ်သည့်အတွက် ပါဝင်ဆင်နွှဲသူအားလုံး လွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြမည်ဖြစ်ပါသည်။ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို တစ်ဦးချင်း ပုံမှန်ပြုလုပ်မည်ဆိုပါက ပြုလုပ်သူတစ်ဦးချင်း ကျန်းမာကြံ့ခိုင်မည်ဖြစ်ပြီး၊ မိသားစုအလိုက်သော် လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော် လည်းကောင်း၊ ရုံးဌာနအလိုက်သော်လည်းကောင်း၊ ကျောင်းအလိုက်သော် လည်းကောင်း စုပေါင်းဆောင်ရွက်ပါက ပါဝင်ဆောင်ရွက်သူများအားလုံး ကျန်းမာခြင်း၏အကျိုးကို မလွဲမသွေ ရရှိခံစားကြရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံအတွင်းရှိ ပြည်သူအများ ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ယခင်အားကစားနှင့် ကာယပညာကော်မတီ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှသည် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အပါအဝင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဒီဇင်ဘာလအား လူထုအားကစားလအဖြစ် သတ်မှတ်၍ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို ပြုလုပ်ဆောင်ရွက်သည့် အလေ့အကျင့်များ ဖြစ်ပေါ်လာစေရေးအတွက် ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်းတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်နိုင်ရေး စီမံချက်များ ချမှတ်၍ တွန်းအားပေး ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ပေးနေခြင်းမှာ ပြည်သူများ၏ ကျန်းမာရေးအတွက် ကောင်းမွန်သည့် အလေ့အကျင့်များရရှိစေရန် ဝန်ကြီးဌာနအနေဖြင့် အစပျိုး အကောင်အထည်ဖော်ပေးနေခြင်းသာ ဖြစ်ပါသည်။ ထိုအလေ့အကျင့်ကောင်းများအား ပြည်သူများအနေဖြင့် လိုက်ပါဆောင်ရွက်ကြရန်သာလိုအပ်ပါသည်။ လူတစ်ဦးချင်းမှ အစပြု၍ ပြည်သူတစ်ရပ်လုံး နေ့စဉ် အနည်းဆုံး နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုကိုသာ ပုံမှန်လေ့ကျင့် ဆောင်ရွက်ကြမည်ဆိုပါက ဆောင်ရွက်သူအားလုံး ကျန်းမာလာကြမည် ဖြစ်ပါသည်။

စာမျက်နှာ(၃၈)သို့



စာမျက်နှာ(၃၇)သတင်း•••မှအဆက်

ပြည်သူတစ်ရပ်လုံးသာ ပင်ကိုယ်ကျန်းမာရေးအသိဖြင့် လိုက်ပါလုပ်ဆောင်ကြမည်ဆိုလျှင် ပြည်သူအများ ကျန်းမာလာကြမည်ဖြစ်၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့်အချက်အား ပြည်သူများကိုယ်တိုင် အလိုလို လိုက်နာအကောင်အထည်ဖော်ပြီးသား ဖြစ်သွားမည်ဟုလည်း ယုံကြည်မိပါသည်။

## လူထုအားကစား မြှင့်တင်ဆောင်ရွက်ခြင်းနှင့် အားကစားအောင်မြင်မှု တိုက်ရိုက်အချိုးကျသည့် အခြေအနေများ

၁၉၆၀ ပြည့်လွန်နှစ်များတွင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အားကစားကို လူထုအားကစားလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ထိုခေတ် ထိုအခါက လူထုအားကစားလအဖြစ် သတ်မှတ်ထားသည့် ဒီဇင်ဘာလအတွင်း အပတ်စဉ် စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ပြုလုပ်ခြင်းများအပြင် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ၎င်းအပြင်(ဥပမာ-လွတ်လပ်ရေးနေ့၊ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့များကဲ့သို့) နေ့ကြီး/ရက်ကြီးများတွင် မြန်မာပြည်အနှံ့ အားကစားပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။ ရပ်ကွက်/ကျေးရွာပေါင်းစုံ၊ မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများအား ဒေသဆိုင်ရာ၊ အဖွဲ့အစည်းအဆင့်ဆင့်၊ အားကစားဝါသနာရှင်များ၊ မြို့မိမြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။ ပြိုင်ပွဲများလည်း ခြိမ့်ခြိမ့်သဲ စည်ကားခဲ့သည်။ ၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အားကစားကို စိတ်ပါဝင်စားသည့် မြို့မိ၊ မြို့ဖများ၊ အားကစား ဝါသနာရှင်များနှင့် အားကစားဆပ်ကော်မတီများပူးပေါင်း၍ မြန်မာပြည်အနှံ့ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။

ထိုခေတ်ကာလက ပြည်နယ်/တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ အဆင့်အတန်း မြင့်မားပြီး ပြိုင်ဆိုင်မှု ပြင်းထန်သည့်အတွက် ထိုပြိုင်ပွဲများမှ အားကစားနည်းအလိုက် ထူးချွန်သည့် မျိုးဆက်သစ်




များ ပေါ်ထွက်မှုကြောင့် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားခဲ့သည်။ ၎င်းအပြင် ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများ၊ တံခွန်စိုက်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပ၍ နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အတွေ့အကြုံရယူကာ ထိုခေတ် ထိုအခါက ဒေသတွင်း အားကစားပြိုင်ပွဲများတွင် အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ(SEAP Games) ပြိုင်ပွဲများတွင် မြန်မာ့အားကစား ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့သည်မှာ လူထုအားကစားမြှင့်တင်ဆောင်ရွက်ခြင်းနှင့် အားကစားအောင်မြင်မှု တိုက်ရိုက်အချိုးကျသည့် အခြေအနေများပင် ဖြစ်ပါတော့သည်။

## ရွှေရောင်လွှမ်းခဲ့သည့် ကာလများမှ အားကစားအောင်မြင်မှု တစ်စိတ်တစ်ဒေသ

မြန်မာနိုင်ငံအနေဖြင့် လူထုအားကစားလှုပ်ရှားမှုများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း မြန်မာ့အားကစားအောင်မြင်မှုများကို ပြန်ကြည့်လျှင်အရှေ့တောင်အာရှအဆင့်တွင် ထိပ်တန်း၌ရပ်တည်နိုင်ခဲ့ပြီး အာရှအဆင့်ထိ ထိုးဖောက်ကာ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်ကို တွေ့ရသည်။ အဆိုပါကာလများအတွင်း အားကစားနည်းအလိုက် အောင်မြင်မှုများ များစွာရှိသည့်အနက် အောင်မြင်မှုအချို့ကို ကောက်နုတ်ဖော်ပြရမည်ဆိုလျှင် ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးအား ပထမအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် အားကစားနည်းအလိုက်ပြိုင်ပွဲ ပွဲစဉ်ပေါင်း(၇၉)ပွဲ ထည့်သွင်းကျင်းပခဲ့ကြရာ ပွဲစဉ်ပေါင်း(၃၅)ပွဲတွင် မြန်မာနိုင်ငံမှ အောင်မြင်မှု ဆုတံဆိပ်များရရှိခဲ့ပြီး နိုင်ငံအလိုက် ပထမအဆင့်တွင် ရပ်တည်နိုင်ခဲ့သည်။ အလားတူ ၁၉၆၉ ခုနှစ်၊ ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးအား မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲကြီးတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းအလိုက် ပြိုင်ပွဲ ပွဲစဉ်ပေါင်း(၁၄၅)ပွဲ ထည့်သွင်းကျင်းပခဲ့ရာ ပွဲစဉ်ပေါင်း(၅၇)ပွဲ၌ အောင်မြင်မှု ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် ပထမနေရာ ရပ်တည်နိုင်ခဲ့ပြန်ပါသည်။ ဒုတိယအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် အားကစားနည်းတစ်ခုတည်းမှ ရွှေတံဆိပ်(၇)ခုရရှိခဲ့ပြီး၊ ပဉ္စမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်းတစ်ခုတည်းမှ ရွှေတံဆိပ်(၂၀)ခု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြပါသည်။

၎င်းအပြင် အဆိုပါကာလများအတွင်း မြန်မာဘောလုံးအသင်းမှ ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃ခုနှစ်များတွင်(၅)နှစ်ဆက်တိုက် အရှေ့တောင်အာရှကျွန်းဆွယ် ချန်ပီယံဖြစ်ခဲ့ပြီး၊ ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ခုနှစ်များတွင် ကျင်းပသည့် အာရှအားကစားပြိုင်ပွဲများတွင် (၂)ကြိမ်ဆက်တိုက် အာရှချန်ပီယံဖြစ်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် အာရှချန်ပီယံ (၂)ကြိမ် ဖြစ်ခဲကသည့်နိုင်ငံဟူ၍ မြန်မာနိုင်ငံ တစ်နိုင်ငံသာရှိခဲ့သည့် သမိုင်းမှတ်တမ်းလည်း ဝင်ခဲ့သည်။ ၎င်းအပြင် အဆိုပါကာလများအတွင်း ဒေသတွင်း ဘောလုံးပြိုင်ပွဲများဖြစ်သည့် မာဒေးကားချန်ပီယံ (၃)ကြိမ်၊ ပတ်ချျုဟီးဖလားချန်ပီယံ (၃) ကြိမ်၊ ဂျကာတာဖလားချန်ပီယံ (၄) ကြိမ်၊ မာရာဟာလင်ဖလားချန်ပီယံ (၃)ကြိမ်နှင့် အာရှလူငယ်ချန်ပီယံ (၈)ကြိမ်အထိ ဆွတ်ခူးရရှိခဲ့



▶▶




သည့် မှတ်တမ်းများအရ အဆိုပါကာလများတွင် မြန်မာ့အားကစားရွှေရောင်လွှမ်းခဲ့သည့် ကာလများ၏ အောင်မြင်မှုတစ်စိတ်တစ်ဒေသအား ကောက်နှုတ်ဖော်ပြလိုက်ရပါသည်။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနေသည့် အားကစား

အားကစားအောင်မြင်မှုသည် နိုင်ငံအတွက် ပုံရိပ်ကောင်းတစ်ခုနှင့် နိုင်ငံ့ဂုဏ် မြင့်တင်ရေးကို တိုက်ရိုက် အထောက်အကူပြုလျက်ရှိပါသည်။ အားကစားပြိုင်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ကိုင်နိုင်သည့် စွမ်းဆောင်ရည်နှင့် စိတ်ဝင်စားစရာနေရာ(အကျိုးစီးပွား)များကို ပြသနေပါသည်။ ထို့ပြင် နိုင်ငံ၏ ထူးချွန်ထက်မြက်မှုနှင့် ထိုထူးချွန်ထက်မြက်မှုများကြောင့် ပေါ်ထွက်လာသည့် ပုံရိပ်ကောင်းများကို ကမ္ဘာတစ်လွှားသို့ ဖြန့်ကြက်ပျံ့နှံ့သိရှိစေပါသည်။

ထို့ပြင် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားကစားမှ များစွာအထောက်အကူပြုနေပါသည်။ အားကစားလှုပ်ရှားမှုကိုယ်တိုင်က စီးပွားရေးတစ်ရပ်လည်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိနေပြန်ပါသည်။ ဆိုလိုသည်မှာ အားကစားပစ္စည်းများ တပ်ဆင်ခြင်း၊ အားကစားပစ္စည်းကိရိယာနှင့် အားကစားဝတ်စုံများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် နည်းပြလုပ်ငန်းများ၊ သရုပ်ပြဆရာများ၊ အားကစားကင်းထောက်နှင့် ကိုယ်စားလှယ်အေးဂျင့်များ၊ အားကစားပြိုင်ပွဲများကို တာဝန်ယူ ကျင်းပပေးသော အဖွဲ့အစည်းလုပ်ငန်းများ၊ အားကစားအသိုက်အဝန်းတစ်ခုလုံးကို လွှမ်းခြုံချိတ်ဆက်နိုင်သည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် (Sport Marketing) အားကစားဈေးကွက် ရှာဖွေရေးလုပ်ငန်းများသည် အားကစားကိုအခြေခံပြီး ပေါ်ထွန်းလာသည့် လုပ်ငန်းများပင်ဖြစ်ပါသည်။

အလားတူ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းကလည်း အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းစီးပွားရေး လုပ်ငန်းများအတွက် များစွာ အကျိုးရှိစေပါသည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများအနေဖြင့် အားကစားနည်းအလိုက် အခြေခံအဆောက်အဦများ၊ အုပ်ချုပ်ရေး/စီမံခန့်ခွဲရေးဆိုင်ရာ အပေါ်ထပ်အဆောက်အဦများ အပါအဝင် စားသောက်ဆိုင်နှင့် နေရာထိုင်ခင်းများ၊ အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အမှတ်တရနှင့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်း အရောင်းဆိုင်များနှင့် ယာယီလုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ၊ ပုံနှိပ်ထုတ်ဝေရေးနှင့် မီဒီယာလုပ်ငန်းများ၊ လက်မှတ်ရောင်းချခြင်းနှင့် ခရီးသွားဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုလျက်ရှိပါသည်။ သို့ဖြစ်၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများအပါအဝင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အထောက်အကူပြုလျက်ရှိပါသည်။ သို့ဖြစ်၍ အားကစားလုပ်ငန်းများနှင့် အားကစားပြိုင်ပွဲများသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုနေသည့်အတွက် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

## အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် ကျန်းမာရေးကို အထောက်အကူပြုသည့် အကြောင်းအရာများ

ပြည်သူတစ်ဦးချင်းအနေဖြင့် မိမိ၊ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံနှင့် မိမိလူမျိုးအကျိုးသယ်ပိုးစွမ်းဆောင်နိုင်ရန်အတွက် မိမိကိုယ်တိုင်ကျန်းမာသန်စွမ်းနေမှသာ အများအကျိုးကိုပါ ထမ်းရွက်နိုင်မည်ဖြစ်ပါသည်။ အားကစားလှုပ်ရှားဆောင်ရွက်မှု(သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအရပ်ရပ်တွင် လမ်းလျှောက်ခြင်းသည် လူတစ်ဦးအတွက် အကောင်းဆုံးဆေးဖြစ်သည်ဟု အနောက်တိုင်းဆေးပညာရှင် ဂရိသမားတော် ဟစ်ပိုခရစ်က ဆိုပါသည်။

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ် သွေးလည်ပတ်မှု အားကောင်းလာစေခြင်း၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ ဖြစ်ပွားခြင်းများကို လျော့ကျစေခြင်း၊ နှလုံးကို ကျန်းမာသန်စွမ်းစေခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကို လျော့ကျစေနိုင်ခြင်း၊ ခြေသလုံး၊ ပေါင်၊တင်ပါးကြွက်သားများ တောင့်တင်းလာစေပြီး ဝမ်းဗိုက်ကြွက်သားနှင့်ခါးကို အချိုးကျကျ လုပ်စေခြင်း၊ အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ စသည့် ရောဂါဝေဒနာဖြစ်ပွားခြင်းများကို လျော့ချပေးခြင်း၊ အဆုတ်ကိုအားကောင်းစေ၍ စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုတို့ကိုလည်း သိသိသာသာ လျော့နည်းလာစေပြီး လန်းဆန်းတက်ကြွလာစေခြင်း၊ အရိုးအဆစ် ကျန်းမာစေခြင်း၊ သူငယ်ပြန်ရောဂါကို ကာကွယ်ပေးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။

ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်မှုများစွာရှိသည့်အနက် အလွယ်ကူ အရိုးရှင်းဆုံးဖြစ်သည့် လမ်းလျှောက်ခြင်းကို နေ့စဉ်ပုံမှန်ဆောင်ရွက်မည်ဆိုလျှင်ပင် အကျိုးကျေးဇူးများ များစွာရရှိသည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ဒီဇင်ဘာလအား လူထုအားကစားလအဖြစ် သတ်မှတ်၍ ပြည်သူအများပါဝင်သည့် လူထုလမ်းလျှောက်ပွဲများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ ဤသည်မှာ အားကစား

စာမျက်နှာ(၄၀)သို့





စာမျက်နှာ(၃၉)သတင်း•••မှအဆက်

လှုပ်ရှားဆောင်ရွက်မှုများသည် ကျန်းမာရေးကို အထောက်အကူပြုနေသည့် အချက်များအနက် တစ်စိတ်တစ်ဒေသ ဖြစ်ပါတော့သည်။

## လူထုအားကစား အောင်မြင်တိုးတက်ရေးအတွက်ဆောင်ရွက်သင့်သည့် အကြံပြုတင်ပြချက်များ

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူအများ အားကစားလှုပ်ရှား ဆောင်ရွက်မှုများကို ပင်ကိုယ်ကျန်းမာရေးအသိဖြင့် လိုက်ပါဆောင်ရွက်လာစေရေးအတွက် အောက်ပါအချက်များအား ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါသည်-

(၁) ဒီဇင်ဘာလူထုအားကစားလ တစ်လတည်း လှုပ်ရှားဆောင်ရွက်နေရုံဖြင့် မလုံလောက်ဟု ယူဆမိပါသဖြင့် (မိုးတွင်းကာလမှအပ) တစ်နှစ်ပတ်လုံး လစဉ်လတစ်လ၏ ပထမပတ် စနေနေ့တိုင်းအားPhysical Movement Day အဖြစ် သတ်မှတ်၍ လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်စဉ်များနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများအား ကျင်းပဆောင်ရွက်နိုင်ရေး နိုင်ငံတော်အဆင့် မူဝါဒရရှိရေး တင်ပြဆောင်ရွက်သွားသင့်ပါသည်။

(၂) အားကစားကွင်း/ အားကစားရုံပရဝဏ်များ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ကောလိပ်များ၊ လူစည်ကားရာနေရာများတွင် ပြည်သူအများ လွယ်လင့်တကူ လှုပ်ရှားဆောင်ရွက်နိုင်သည့် Outdoor Fitness ပစ္စည်းများကဲ့သို့ အားကစားပစ္စည်းကိရိယာများ တီထွင်ကြံဆထုတ်လုပ် တပ်ဆင်ပေးခြင်း၊

(၃) ရပ်ကွက်/ကျေးရွာအဆင့်မှစ၍ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်များတွင် အဆင့်နှင့်လျော်ညီသည့် အားကစားကွင်း/အားကစားရုံများ တိုးမြှင့်ဖော်ဆောင်ပေးခြင်း၊





(၄) အားကစားပြိုင်ပွဲမျိုးစုံအား နယ်ပယ်ဒေသအစုံတွင် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် တစ်နှစ်ပတ်လုံး ကျင်းပပေးခြင်းနှင့်(နွေ၊မိုး၊ဆောင်း)အခြေခံ အားကစားသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်း၊

(၅) အမြို့မြို့ အနယ်နယ်ရှိ လူစည်ကားရာနေရာများ၊ စာသင်ကျောင်းများနှင့် အားကစားကွင်း/ အားကစားရုံများ

အနီးပတ်ဝန်းကျင်တွင် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ ရေးသားထားသည့် ဆိုင်းဘုတ်များ စိုက်ထူပေးခြင်း၊

(၆) အားကစား အသိပညာ ဗဟုသုတ ပြန့်ပွားရေးနှင့် စိတ်ပါဝင်စားလာစေရေး အတွက် ဟောပြောပွဲ၊ သရုပ်ပြပွဲများ ကျင်းပပြုလုပ်ပေးခြင်းအပြင် အားကစားဆိုင်ရာ စာအုပ်စာတမ်းများ ထုတ်ဝေဖြန့်ချိပေးခြင်း

(၇) လူအများ ပါဝင်လှုပ်ရှားကစားလာစေနိုင်ရေးအတွက် အခြေအနေနှင့်အခွင့်အရေးများ ဖန်တီးပေးခြင်း

## တစ်မျိုးသားလုံးကျန်းမာရေး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ခြင်း

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားမြှင့်တင်ရေး လုပ်ငန်းများသည် များပြားကျယ်ဝန်းလှသည့်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန တစ်ခုတည်းကသာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်၍မရနိုင်ဘဲ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ NGO အဖွဲ့အစည်းအသီးသီးနှင့် အားကစားဝါသနာရှင်များ၊ စေတနာရှင် အလှူရှင်များအပါအဝင် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှသာ အောင်မြင်မှု ရရှိမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။




ကိုးကားသည့် စာအုပ်စာတမ်းများ
- နေ့စဉ်ထုတ်သတင်းစာများမှ ဆောင်းပါးများ
- အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ လစဉ်ထုတ်ဝေသည့် Sports Magazine နှင့် သတင်းလွှာများ
- အပတ်စဉ်ထုတ် အားကစားဂျာနယ်များ
- National Sports Seminar စာအုပ်
- Healthy Myanmar Seminar စာအုပ်
- Physical Education Today for an Active and Healthy Population Tomorrow Seminar စာအုပ်

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ Joint Training ပူးတွဲသွားရောက်လေ့ကျင့်နေသည့် မြန်မာအားကစားအဖွဲ့များနှင့် တွေ့ဆုံအမှာစကားပြောကြား





● နေပြည်တော်၊ ဇန်နဝါရီလ(၁၁)ရက်။

၂၀၂၃ခုနှစ် မေလ(၅)ရက်နေ့မှ (၁၆)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှု ရရှိစေရန်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က မြန်မာ-တရုတ် နှစ်နိုင်ငံအားကစားပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ Joint Training ပူးတွဲလေ့ကျင့်မှုပြုလုပ်နေသည့် ပြေးခုန်ပစ်၊လက်ဝှေ့၊ ဘော်လီဘော၊ ဝုရှူး အားကစားနည်းများမှ လက်ရွေးစင်အားကစားသမားများနှင့်လည်းကောင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်းမှ ပြေးခုန်ပစ်၊ ကနူး/ကယက်လှေ၊ အလေးမ၊ လက်ဝှေ့၊ ဝုရှူးအားကစားနည်းများမှ အပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ယနေ့နံနက် (၁၁)နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ မြန်မာနိုင်ငံအိုလံပစ်ကော်မတီရုံးခန်း၌ Online စနစ်ဖြင့် တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားခဲ့ပါသည်။

ဦးစွာ ဒုတိယဝန်ကြီးက အားကစားသမားများကို တရုတ်နိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း စည်းကမ်းရှိရှိနှင့် စနစ်တကျ နေထိုင်သွားလာလေ့ကျင့်ကြရန်နှင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်လိုကြောင်း၊ တရုတ်နည်းပြများမှ လေ့ကျင့်သင်ကြားပေးသည့်အတိုင်း စနစ်တကျ လိုက်နာပြီး အောင်မြင်မှုဆုတံဆိပ်များရရှိရန် ပြင်းပြင်းထန်ထန်လေ့ကျင့်သွားကြရန်လိုကြောင်း၊ အားကစားသမားများအားလုံး မိမိကိုယ်ကို ယုံကြည်မှုရှိရန်နှင့် လေ့ကျင့်မှုများပြုလုပ်ရာ၌ ထိခိုက်ဒဏ်ရာ မရရှိစေရန် နည်းပြများမှ အားကစားသမားများ၏ အခြေအနေများကို တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီတင်ပြပေးရန်လိုကြောင်း၊ အပ်ချုပ်သူများအနေဖြင့် အားကစားနည်းအလိုက် လေ့ကျင့်ရေးသုံးပစ္စည်းများနှင့် ပြိုင်ပွဲသုံးပစ္စည်း အခြေအနေများ၊ အားကစားသမားများ၏ လေ့ကျင့်မှုအခြေအနေများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြပေးရန် လိုကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များရရှိစေရန်အတွက် အားကစားသမားများအနေဖြင့် မိမိတို့၏ လေ့ကျင့်မှု စံချိန်/စံညွှန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် အထူးကြိုးစား လေ့ကျင့်သွားကြရန်လိုကြောင်း၊ အပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအားလုံး သွားလာနေထိုင်စားသောက်မှုနှင့် လေ့ကျင့်မှုအပိုင်းတို့တွင် အစစအရာရာ ဂရုစိုက်ပြီး ကိုဗစ်-၁၉ရောဂါ ကူးစက်မခံရအောင် အထူးဂရုစိုက် နေထိုင်သွားကြရန် ပြောကြားခဲ့ပါသည်။

ထို့နောက် အားကစားနည်းအလိုက် အသင်းအုပ်ချုပ်သူ/နည်းပြများက တရုတ်နည်းပြများမှ Training Program ရေးဆွဲ၍ လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများ၊ အားကစားသမားများ၏ လေ့ကျင့်မှုစံချိန်များ၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေများ၊ လေ့ကျင့်ရေးအထောက်အကူပြု ပစ္စည်းဆိုင်ရာကိစ္စများ၊ နည်းပြများနှင့် နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ နေထိုင်စားသောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရာသီဥတုအခြေအနေနှင့် ကြံ့ခိုင်မှုပိုင်းဆိုင်ရာအခြေအနေများကို အသီးသီးဆွေးနွေးတင်ပြခဲ့မှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ဦးစီးကျင်းပပြုလုပ်ခဲ့သည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားနှင့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ





● မန္တလေး၊ ဇန်နဝါရီလ(၁၇)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ဦးစီးကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို အောင်မြေသာစံမြို့နယ်၊ အထက(၁၈)ကျောင်း၌ (၁၇-၁-၂၀၂၃)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းမှ တက်ရောက်ချီးမြှင့်ပေးခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ဒုတိယဝန်ကြီးမှ လူငယ်ကဏ္ဍ(၁၆)ရပ်နှင့်ပတ်သက်၍ ပြောကြားခြင်း၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးပြန်

စာမျက်နှာ(၄၂)သို့

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ခြင်းလုံးအားကစားသမားများ လေ့ကျင့်နေမှုများနှင့် ဘော်လီဘောပြိုင်ပွဲအား ကြည့်ရှုအားပေး





● နေပြည်တော်၊ ဇန်နဝါရီလ(၁ဂ)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် (၉)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ခြင်းလုံးအားကစားရုံတွင် ကမ္ဘောဒီးယားနိုင်ငံမှ ခြင်းလုံးအားကစားသမားများနှင့် မြန်မာ့လက်ရွေးစင် ခြင်းလုံးအားကစားသမားများ၏ ပူးတွဲလေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်လျက်ရှိသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။









▶ စာမျက်နှာ(၃၁)သတင်း...မှအဆက်

ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ လူငယ်များကို အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးမှ တက်ရောက်လာသည့် ကျောင်းသား/သူများကို အားကစားပစ္စည်းပေးအပ်ခြင်း၊ မဲဖောက်ပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်ပြီး (၁၈-၁-၂၀၂၃) ရက်နေ့ နံနက်(၉း၀၀)နာရီချိန်တွင် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ



ဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒု-ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားခြင်းနှင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ လူငယ်ရေးရာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့မှု၊ လက်ရှိဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရန် လျာထားမှုများကို ဆွေးနွေးပြောကြားခြင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းမှ ဗဟိုကော်မတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်း

▶▶

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် လိုက်လံကြည့်ရှုအားပေး





● နေပြည်တော်၊ ဇန်နဝါရီလ(၂၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်အတူ ယနေ့နံနက်(၈)နာရီအချိန်မှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပပြုလုပ်လျက်ရှိသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းအတွင်းရှိ ပြေးခုန်ပစ် အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း၊ လက်ဝှေ့အားကစားရုံရှိ ပိုက်ကျော်ခြင်း အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဘော်လီဘော အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။





# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် အခြေခံပညာကျောင်းသား အားကစားပွဲတော်တွင် အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ကျောင်းသားအား ဂုဏ်ပြုချီးမြှင့်

● နေပြည်တော်၊ ဇန်နဝါရီလ(၂၁)ရက်။

ဇန်နဝါရီလ ၁၈ ရက်နေ့မှ ၂၇ ရက်နေ့အထိ နေပြည်တော်၊ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် (၂၀၂၂-၂၀၂၃)ပညာသင်နှစ်၊ အခြေခံပညာ ကျောင်းသားအားကစားပွဲတော်သို့ ပိုက်ကျော်ခြင်း အားကစားနည်းဖြင့် လာရောက်ယှဉ်ပြိုင်သည့် ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်မှ Grade-8 ကျောင်းသား စောဇက်ကဲ အသက်(၁၃)နှစ်သည် ပြိုင်ပွဲတွင် အကောင်းဆုံး ယှဉ်ပြိုင် ကစားခဲ့သည့်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



ပြောကြားခြင်း၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒု-ဥက္ကဋ္ဌမှ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့မှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး တက်ရောက်လာကြသော ကော်မတီဝင်များမှ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရှိရပါသည်။





# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများအား ကြည့်ရှုအားပေး









● နေပြည်တော်၊ ဇန်နဝါရီလ(၂၄/၂၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် (၂၄-၁-၂၀၂၃)ရက်နေ့ မွန်းလွဲ(၄)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပပြုလုပ်လျက်ရှိသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ ကရင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ ရှမ်းပြည်နယ် အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများ အားလည်းကောင်း၊ (၂၅-၁-၂၀၂၃) ရက်နေ့ နံနက်(၉)နာရီအချိန်၌ (အမျိုးသား)ဘောလုံးပြိုင်ပွဲ အကြို ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် မန္တလေးတိုင်း ဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင် ကစားနေမှုများအား လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပလျက်ရှိသည့် (အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ အကြို ဗိုလ်လုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်း ဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းတို့၏ယှဉ်ပြိုင်ကစားနေမှုများအားလည်းကောင်း၊ လက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပလျက်ရှိသည့်(အမျိုးသား)ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများအား လည်းကောင်း လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

■






## "အားကစားစိတ်ဓာတ်"

အားကစားယှဉ်ပြိုင်ရာ၌ သာမန်ပွဲသေးဖြစ်၍ ရေသာခိုပြီး ကစားခြင်းနှင့် ထိပ်တန်းပွဲကြီးဖြစ်၍ အားသွန်ပြီး ကစားခြင်းတို့ကို မပြုသင့်ပါ။ ပြိုင်ပွဲပေါ်မူတည်၍ အလျော့အတင်းဖြင့် ကစားခြင်းသည် ယှဉ်ပြိုင်မှု အလေ့အကျင့်ကို ထိခိုက်ပျက်စီးစေပါ၏။

# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၃၀)ရက်။

မသန်စွမ်းလူငယ်များ အသက်မွေးဝမ်းကျောင်းအတတ်ပညာ ရရှိစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းအမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၉)နာရီခွဲတွင် နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အားကစားလေ့ကျင့်ရေးစခန်း (၂)၌ ကျင်းပပြုလုပ်ခဲ့သည်။




အခမ်းအနား၌ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် မသန်စွမ်းလူငယ်များ အိုးမကွာ အိမ်မကွာ အရင်းအနှီးနည်းနည်းဖြင့် စီးပွားဖြစ်လုပ်ကိုင်နိုင်ပြီး ကိုယ်ပိုင်ဝင်ငွေရရှိနိုင်စေရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း၊ ဒေသတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ (MSME) အရှိန်အဟုန်မြင့်တိုးတက်လာမှာဖြစ်ပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ မသန်စွမ်း လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာအောင် ဘက်ပေါင်းစုံကဏ္ဍပေါင်းစုံမှဟန်ချက်ညီအောင် ဖြည့်တင်းပေးရန် လိုအပ်ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာနအနေဖြင့်လည်း မသန်စွမ်းလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အဓိက ရေ့လုပ်ငန်းစဉ်ကြီး(၃)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုသင်တန်းအပြင် အခြားကုန်ထုတ်လုပ်မှုသင်တန်း၊ လက်မှုအတတ်ပညာ သင်တန်းများကိုလည်း ထပ်မံ၍ ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ မသန်စွမ်းလူငယ်များ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အခြေခံပညာသင်ကြားရန် အခက်အခဲရှိပါက တင်ပြနိုင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်ကာလတွင်လည်း အားကစားသင်တန်းများ ဖွင့်လှစ်သည့်အခါ မသန်စွမ်းလူငယ်များအတွက် နွေရာသီ အားကစားသင်တန်းများပါ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်ဖြစ်သည့် လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် စနစ်တကျ ပြုစုပျိုးထောင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရန် လိုကြောင်းနှင့် သင်တန်းမှပို့ချသော စာတွေ့၊ လက်တွေ့သင်ခန်းစာများကို သင်တန်းသား/သင်တန်းသူများအနေဖြင့် သေချာစွာ အာရုံစိုက်ပြီး ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ကို ဇန်နဝါရီလ (၃၀)ရက်နေ့မှ ဖေဖော်ဝါရီလ(၃)ရက်နေ့အထိ လယ်ဝေးမြို့နယ်၊ အားကစားလေ့ကျင့်ရေးစခန်း(၂)၌ သင်တန်းသား/သင်တန်းသူ (၂၉)ဦးကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြ ဒေါ်စုလှိုင်မြင့်(ဦးစီးအရာရှိ) နှင့် ဒေါ်ခိုင်ခိုင်မော် (ဒုတိယဦးစီးမှူး) တို့မှ ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်နှင့် Hand Gel ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ပါသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် မသန်စွမ်းအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။





# ခရစ်ကက် Level "O"နည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၂၃)ရက်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်တွင် ခရစ်ကက် Level "O" နည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် (၉)နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ ပညာဗိမာန်ခန်းမ၌ ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦး၊ ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ သင်တန်းသား/သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြသည်။ ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ် (၈) မြို့နယ်မှ လူငယ်/လူရွယ်များ ခရစ်ကက်အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးအတွက် မြို့နယ်များတွင် ကျောင်းသား/ကျောင်းသူများ၊ အားကစားဝါသနာရှင်များအား ပြန်လည်သင်ကြား ပြသပေးနိုင်စေရန်အတွက် ဤသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် အဘက်ဘက်တွင် ရင်ဘောင်တန်းနိုင်စေရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံကိုလည်း တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်နေသလို ကြိုးပမ်းမှုများ၏ အောင်မြင်မှုများကို နိုင်ငံတကာအားကစားပြိုင်ပွဲများမှာ ယှဉ်ပြိုင်အနိုင်ယူသည့် စွမ်းဆောင်ရည်ဖြင့်သာ ဖော်ထုတ်ရမှာဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမိုက်ကယ်ကျော်မင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမိုက်ကယ်ကျော်မင်းတို့က မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်မှ ထောက်ပံ့လှူဒါန်းသည့် ခရစ်ကက်အားကစားပစ္စည်းများအား ပေးအပ်ခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါ ခရစ်ကက် Level "O" နည်းပြနှင့် ဒိုင်သင်တန်းကို မြို့နယ် (၈) မြို့နယ်အတွင်းရှိ သင်တန်းသား/သင်တန်းသူ (၂၀)ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီလ (၂၃) ရက်နေ့မှ (၂၇) ရက်နေ့အထိ (၅) ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။





# ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ ဖိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



● နေပြည်တော်၊ ဇန်နဝါရီလ(၃၀)ရက်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကတ်ပြိုင်ပွဲ ဖိုလ်လုပွဲကို ယနေ့နံနက်ပိုင်း(၈) နာရီခွဲအချိန်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအားကစားကွင်း၌ စတင်ကျင်းပသည်။

နံနက်ပိုင်း အမျိုးသမီး ဖိုလ်လုပွဲပွဲစဉ်တွင် ဇမ္ဗူသီရိမြို့နယ် အထက (၉)အသင်းနှင့် ဒက္ခိဏသီရိမြို့နယ် အထက(၁၈)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဇမ္ဗူသီရိမြို့နယ် အထက (၉)အသင်းက အနိုင်ရရှိခဲ့သည်။

ညနေပိုင်း အမျိုးသားဖိုလ်လုပွဲတွင် ဒက္ခိဏသီရိမြို့နယ် အထက (၁၈)အသင်းနှင့် လယ်ဝေးမြို့နယ် အထက(၁)အသင်းတို့ယှဉ်ပြိုင်ကစား

▶▶









ကြရာ လယ်ဝေးမြို့နယ် အထက(၁) အသင်းက အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးမြင့်စိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ တိုင်းပညာရေးမှူးကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးကြာညို၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်မှ နည်းပြချုပ် မိုက်ကယ်ကျော်မင်း၊ ဌာနဆိုင်ရာ



တာဝန်ရှိသူများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဆုပေးပွဲအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ခရစ်ကတ်နည်းပြနှင့် ဒိုင်"Level O" သင်တန်းတွင် တက်ရောက်ခဲ့သော သင်တန်းသား/သင်တန်းသူများအား နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး နည်းပြ/ဒိုင်များအားထောက်ပံ့ကြေးငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသော အသင်းများနှင့် တစ်ဦးချင်း အကောင်းဆုံး ဆုတံဆိပ်များကို တာဝန်ရှိသူများကချီးမြှင့်ရာ လယ်ဝေးမြို့နယ် အထက(၁)အမျိုးသားအသင်းနှင့် ဇမ္ဗူသီရိမြို့နယ် အထက(၉) အမျိုးသမီးအသင်းတို့က ပထမဆု၊ ဒက္ခိဏာသီရိမြို့နယ် အထက(၁၈) အမျိုးသားအသင်းနှင့် ဒက္ခိဏာသီရိမြို့နယ် အထက(၁၈) အမျိုးသမီးအသင်းတို့က ဒုတိယဆု၊ ဇမ္ဗူသီရိမြို့နယ် အထက(၉)အမျိုးသားအသင်း၊ ပျဉ်းမနားမြို့နယ် အထက(ခွဲ)ဇီးကုန်း အမျိုးသားအသင်း၊ လယ်ဝေးမြို့နယ် အထက(၁) အမျိုးသမီးအသင်း၊ ဥတ္တရသီရိမြို့နယ် အလက(ခွဲ) ရွှေနံ့သာ အမျိုးသမီးအသင်းတို့က ပူးတွဲတတိယဆု၊ အကောင်းဆုံးတစ်ဦးချင်းဆုများကို လယ်ဝေးမြို့နယ် အထက(၁)မှ မောင်စိန်ဝင်းနှင့် ဇမ္ဗူသီရိမြို့နယ် အထက(၉)မှ မယွန်းပိုပိုအောင်တို့က ဆုများ အသီးသီး လက်ခံရရှိခဲ့ကြောင်း သိရသည်။





# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ






● နေပြည်တော်၊ ဇန်နဝါရီလ(၁)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက်(၉)နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ဆက်လက် ကျင်းပခဲ့သည်။

ယနေ့ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်း ကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းကို (၂)ပွဲပြတ်ဖြင့် လည်း ကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်း ကို(၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီ တိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ် ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင် အနိုင်ရရှိသည်။

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး) ပြိုင်ပွဲများ ဆက်လက်ကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၁)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ် များကို ယနေ့နံနက်(၈)နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစား ကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁) နှင့်(၃)ကြား၌ကျင်းပခဲ့ရာ ဌာနဆိုင်ရာ များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာ ထမ်း/အမှုထမ်းများ၊ အားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးကြသည်။

ထုပ်ဆီးတိုးပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်များတွင် ကာကွယ်ရေးဝန်ကြီး ဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို ရမှတ် (၁၇) မှတ်၊ (၅)မှတ်ဖြင့် လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်း က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အသင်းကို ရမှတ်(၂၄) မှတ်၊ (၁၂)မှတ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်း က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို ရမှတ်(၇၄)မှတ်၊ (၇)မှတ် ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အသင်းကို ရမှတ်(၃၁)မှတ်၊ ရမှတ် (မရှိ)ဖြင့်လည်းကောင်း၊ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း ကို ရမှတ်(၄၅)မှတ်၊ (၇)မှတ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

**မြန်မာ့အားကစား ကမ္ဘာတစ်လွှား**
**စွမ်းအားညီညီ တက်လှမ်းမည်**

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ တွေ့ဆုံဆန္ဒထုတ်ဖော်ပွဲ အခမ်းအနားကျင်းပ






● နေပြည်တော်၊ ဇန်နဝါရီလ(၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်ဝန်ထမ်းများ တွေ့ဆုံဆန္ဒထုတ်ဖော်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းပြီးနောက်ပိုင်း အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် ယခုတွေ့ဆုံပွဲသည် ဒုတိယအကြိမ် ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ပထမအကြိမ် ဝန်ထမ်းများနှင့် တွေ့ဆုံဆန္ဒထုတ်ဖော်ပွဲကို (၂၅-၁၁-၂၀၂၂)ရက်နေ့တွင် ပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါအခမ်းအနားတွင် တင်ပြခဲ့သည့် ဝန်ထမ်းများ၏ အခက်အခဲ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဌာနခွဲများ၊ အား/ကာသိပ္ပံကျောင်းများနှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ အရာထမ်းအဆင့် အမျိုးသားအားလုံးအတွက် ယူနီဖောင်းအင်္ကျီများကို ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ထပ်မံ၍ ဝန်ကြီးရုံး၊ ရုံးချုပ်နှင့် အား/ကာသိပ္ပံကျောင်းများမှ ယာဉ်မောင်း(၅)အဆင့်အထိ အမျိုးသားအမှုထမ်းများနှင့် ပြည်နယ်/တိုင်းများမှ အငယ်တန်းစာရေးအဆင့်အထိ အမျိုးသားဝန်ထမ်း(၁၀၀၀)ဦးတို့အား ယူနီဖောင်းအင်္ကျီများ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အစီအမံဖြင့် ဝန်ထမ်းများအတွက် ဝတ်စုံစရိတ်(၃၀၀၀၀)ကျပ်ကိုလည်း (၅-၁-၂၀၂၃) ရက်နေ့တွင် အရာထမ်း/အမှုထမ်းများအားလုံးကို ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ခန့်ထားရေးနှင့် ပြောင်းရွှေ့နေရာချထားရေးအတွက် EC တွင် တင်ပြဆုံးဖြတ်ချက်ဖြင့် ရာထူးတိုးမြှင့်ခန့်ထားရေးကိစ္စကို တစ်နှစ်လျှင်(၂)ကြိမ်၊ပြောင်းရွှေ့နေရာချထားရေးကိစ္စများကို တစ်နှစ်လျှင်(၃)ကြိမ်သတ်မှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများ စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တာဝန်ပျက်ကွက်လျှင် ထိထိရောက်ရောက် အပြစ်ပေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဝန်ထမ်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ/နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ တာဝန်ထမ်းဆောင်စေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခွင့်တောင်းခံခြင်းကိစ္စများ၊ ရုံးစာရွက်စာတမ်း လုံခြုံရေးကိစ္စများကို လူမှုကွန်ရက်စာမျက်နှာများပေါ်သို့ တင်ပြခြင်းများ မပြုလုပ်ကြရန် မှာကြားလိုကြောင်း၊ မကြာမီ ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာတော့မှာ ဖြစ်သည့်အတွက် ရုံးများ၊ အားကစားကွင်း/အားကစားရုံများ၊ ဝန်ထမ်းအိမ်ရာများတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးကို ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏လမ်းညွှန်ချက်အရ ရုံးအဆောက်အဦများ၊ အားကစားကွင်း/အားကစားရုံများတွင် လျှပ်စစ်မီးသုံးစွဲမှုနှင့်ပတ်သက်၍ စနစ်တကျဂရုတစိုက် စိစစ်ပြီး ဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အဦများနှင့် အားကစားကွင်း/ အားကစားရုံများ သန့်ရှင်းသာယာလှပမှုရှိစေရေးကိုလည်း ဂရုတစိုက်ဆောင်ရွက်ပေးကြရန် ထပ်မံမှာကြားလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနခွဲအသီးသီးမှ အရာထမ်း/ အမှုထမ်းများက ၎င်းတို့၏ အခက်အခဲများကို တင်ပြခဲ့ကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းကိစ္စများကို အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ယခုပြုလုပ်သည့် ဆန္ဒထုတ်ဖော်ပွဲ၌လည်း ဝန်ထမ်းများ၏ အခက်အခဲများကို တင်ပြဆွေးနွေးနိုင်ပါကြောင်း၊ ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ တင်ပြခွင့်ပြုချက်ဖြင့် ဖြေရှင်းရန်လိုအပ်သည့် ကိစ္စများကိုလည်း ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြတပ်ခွဲ၊ အထိမ်းအမှတ် ပြခန်းများ၊ အလှပြယာဉ်နှင့် ထိုင်ကြည့်စင်ကြောင်းများတွင် ပါဝင်ခဲ့ကြသော ဝန်ထမ်းများအားလုံး၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအားလုံးကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။






# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနပြခန်းသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ လာရောက်ကြည့်ရှုအားပေး





● နေပြည်တော်၊ ဇန်နဝါရီလ(၈)ရက်။

၂၀၂၃ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်းအတွင်း၌ ဝန်ကြီးဌာနပေါင်းစုံမှ ပြခန်းများ ပြသထားလျက်ရှိရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးသည် ယမန်နေ့ နံနက်ပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကိုယ်စားပြုပြခန်းသို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြပွဲ၌ ဝန်ကြီးဌာနပြခန်း (၂၅)ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း (၁၅)ခန်း၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်း(၁၅)ခန်း၊ စုစုပေါင်းပြခန်း (၅၅)ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ် (၂၆)စီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်(၁၅)စီး၊ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် (၁)စီး၊ ပြည်ထောင်စု နောက်ပိတ်ဂုဏ်ပြုယာဉ်(၁)စီး၊ တပ်မတော်ကိုယ်စားပြုဂုဏ်ပြုယာဉ် (၅)စီး၊ စုစုပေါင်း ဂုဏ်ပြုယာဉ် (၄၈) စီးတို့ကို ခင်းကျင်းပြသထားလျက်ရှိသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွင် ကျောင်းသား/ကျောင်းသူများနှင့် လူငယ်များ စိတ်ဝင်တစားဖြစ်စေရန်အတွက် ကံစမ်းမဲ အစီအစဉ်များ၊ ပဟေဠိဖြေကြားသည့် အစီအစဉ်များနှင့်ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်း အစီအစဉ်များကိုလည်း ထည့်သွင်းထားရှိရာ ကျောင်းသား/ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသဖြင့် အထူးစည်ကားလျက်ရှိပြီး အဆိုပါပြပွဲကို ဇန်နဝါရီ ၄ ရက်မှ စတင်၍ ၈ ရက်အထိ တပေါင်းကွင်း၌ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မိဘပြည်သူများ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

■





# အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်





● နေပြည်တော်၊ ဇန်နဝါရီလ(၉)ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နေ့လယ်(၁၂)နာရီခွဲတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိအစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့်

▶▶





တိုင်းဒေသကြီးများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ဦးစီးဌာန (ရုံးချုပ်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဆောင်ရွက်နေသည့် ရုံးလုပ်ငန်းကိစ္စများ၊ ဘတ်ဂျက်သုံးစွဲမှုအခြေအနေများ၊တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အခက်အခဲ လိုအပ်ချက်များကို တင်ပြဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ တာဝန်ခံ ညွှန်ကြားရေးမှူးများမှ ဝန်ထမ်းများ ရုံးလုပ်ငန်း စည်းမျဉ်း/စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ဌာန၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေမည့် ကိစ္စရပ်များ မပြုလုပ်ကြဖို့ မှာကြားထားရန်လိုကြောင်း၊ ဌာနမှ ထုတ်ပေးထားသည့် Outdoor Fitness များကို စနစ်တကျ အသုံးပြုကြရန်နှင့် ပြုပြင်ထိန်းသိမ်းခ ကုန်ကျငွေများနှင့် မရှိမဖြစ်လိုအပ်သော အားကစားနည်းများအတွက် အထောက်အကူပြုပစ္စည်းများကို ဝယ်ယူထားနိုင်ရေး သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်ဂျက်များတွင် ထည့်သွင်းရေးဆွဲထားရန်လိုကြောင်း၊ ဘတ်ဂျက်သုံးစွဲရာတွင် စာရင်းစစ်ကန့်ကွက်ချက်များ မဖြစ်ပေါ်စေရန်အတွက် ဘဏ္ဍာရေး စည်းမျဉ်း/စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရငွေများကို သတ်မှတ်ကာလအတွင်း ဘဏ်သို့ အချိန်မီပေးသွင်းနိုင်ရေး ဂရုတစိုက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ညွှန်ကြားရေးမှူးများမှ ကွင်းဆင်းပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မှီရေး၊ အချိန်မှီပြီးစီးရေး ဒေသအလိုက် ကြီးကြပ်စစ်ဆေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အနေဖြင့် ဘတ်ဂျက်သုံးစွဲရာတွင် ရုံးချုပ်သို့ ဦးစွာတင်ပြပြီး ခွင့်ပြုချက်ရယူပြီးမှသာ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရသို့ ဆက်လက်တင်ပြကြရမည် ဖြစ်ပါကြောင်း၊ လာမည့်နှစ်တွင်ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၌ အားကစားနည်း(၂၅)နည်းကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ပါကြောင်းနှင့် ပြေးခုန်ပစ် အားကစားနည်းကိုပါ ထည့်သွင်းထားပါကြောင်း၊ SEA Games ပြိုင်ပွဲများတွင် ပြေးခုန်ပစ်နှင့် ရေကူးအားကစားနည်းသည် ဆုတံဆိပ်အများဆုံးပေးသည့် အားကစားနည်းများ ဖြစ်သည့်အတွက် မိမိတို့အနေဖြင့်လည်း ဆုတံဆိပ်များ ပိုမိုရရှိနိုင်ရေးအတွက် ပြေးခုန်ပစ်နှင့် ရေကူးအားကစားနည်းများကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှလည်း Olympic Games အားကစားနည်းများကို အဓိကဦးစားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်း၊ ပဲခူးမြို့ မကွေးတိုင်း၊ မကွေးမြို့နှင့် ရန်ကုန်တိုင်း၊ မြောက်ဒဂုံတို့ရှိ အားကစားကွင်းများတွင် Synthetic ပြေးလမ်းဖောက်လုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ကျင်းပရာတွင် ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများကို ကြိုတင်ဖြန့်ဝေပေးထားပြီးဖြစ်သော်လည်း အချို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ စည်းကမ်းလိုက်နာမှု မရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍နောက်နှစ်ကျင်းပမည့် ပြိုင်ပွဲများတွင် စည်းမျဉ်း/ စည်းကမ်းများအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ပြီး ပါဝင်ယှဉ်ပြိုင်နိုင်ရေး တာဝန်ခံ ညွှန်ကြားရေးမှူးများမှ သေချာစွာ ကြပ်မတ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများအနေဖြင့် စာသင်နှစ် ပြီးဆုံးတော့မှာ ဖြစ်သည့်အတွက် ဧပြီလနှင့် မေလများတွင် သင်တန်းသားအသစ် လူရွေးချယ်ရေးကိစ္စများ ဆောင်ရွက်နိုင်ရန် ကြိုတင်စီစဉ်ထားလိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အခြေခံပညာ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများမှ အရည်အချင်းရှိပြီး အလားအလာရှိသည့် အားကစားသမားများကို ရွေးချယ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် Fitness Dance နှင့် Mass Sports ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဌာနမှ ဖွင့်လှစ်ခဲ့သည့် Myanmar Fitness Dance သင်တန်း တက်ရောက်ထားသော သင်တန်းသား/သူများမှ မိမိတို့ တာဝန်ကျရာ ဒေသများတွင် ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးရန်လိုကြောင်း၊ နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုကြောင်း၊ လာမည့်နှစ်တွင် အားကစားနှင့်ကာယပညာသိပ္ပံ (စစ်တွေ) ကို ဖွင့်လှစ်သွားမည် ဖြစ်သည့်အတွက် သင်တန်းသားရွေးချယ်ရေး ကိစ္စများကို ကြိုတင်ဆောင်ရွက်ထားရန်နှင့် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို ရွေးချယ်မှုပြုလုပ်သွားရန်လိုကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းများအနေဖြင့်လည်း သင်တန်းသားများ အောင်ချက်မြင့်မားရေးနှင့် အားကစားလေ့ကျင့်ရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဝန်ထမ်းအင်အားအခြေအနေများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ အားကစားနည်းအလိုက် အားကစားသမားများ၏ တိုးတက်မှု အခြေအနေများနှင့် ကျန်းမာရေးကိစ္စရပ်များ၊ ပညာသင်ကြားရေးနှင့် အောင်ချက်မြင့်မားရေး ကိစ္စရပ်များ၊ ဘတ်ဂျက် ခွဲဝေချထားမှု အခြေအနေများ၊ တည်ဆောက်ရေး လုပ်ငန်းများ၊ ဒေသတွင်းအားကစား ပြိုင်ပွဲများကျင်းပခဲ့မှု အခြေအနေများ နှင့်စပ်လျဉ်း၍ အသီးသီး ဆွေးနွေး တင်ပြခဲ့ကြရာ ဒုတိယညွှန်ကြားရေး မှူးချုပ်များမှ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး တင်ပြခဲ့ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြ ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ယခုအစည်းအဝေး၌ ဆွေးနွေးတင်ပြချက်များကို မှတ်တမ်းထားရှိ၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြုလုပ်မည့် (၆) လပတ် အစည်းအဝေးတွင် ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

■





(၁၀/၁၁-၁-၂၀၂၃) ရက်နေ့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန (ရုံးချုပ်)၌ လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများသို့ ခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ Media Room ၌ ကျင်းပပြုလုပ်ခဲ့ရာ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ (၂၂)ဦးသည် (၁၀-၁-၂၀၂၃)ရက်နေ့တွင်မြန်မာစာနှင့် အင်္ဂလိပ်စာ ဘာသာရပ်များအားလည်းကောင်း၊ (၁၁-၁-၂၀၂၃)ရက်နေ့ နံနက်ပိုင်းတွင် အထွေထွေဗဟုသုတဘာသာရပ်အား လည်းကောင်း လာရောက်ဖြေဆိုခဲ့ကြသည်။



ဆက်လက်၍ မွန်းလွဲပိုင်းတွင် အငယ်တန်းစာရေး၊ ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူးနှင့် စာရင်းကိုင်-၄ ရာထူးနေရာများသို့ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ(၃၃)ဦးတို့မှ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို လာရောက်ဖြေဆိုခဲ့ကြသည်။

အဆိုပါ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ လူငယ်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွှန့်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများကို လူတွေ့အရည်အချင်း စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားပေးသွားမည်ဖြစ်ကြောင်း။

---





(၁၈/၁၉-၁-၂၀၂၃) ရက်နေ့များတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၌ လစ်လပ်လျက်ရှိသော လုပ်သား၊ ရုံးအကူ၊ဓာတ်ပုံကျွမ်းကျင်နှင့် ဒုတိယဦးစီးမှူး ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် လူတွေ့စစ်ဆေးခြင်းကို ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လူငယ်ရေးရာဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လုပ်သား၊ ရုံးအကူ၊ ဓာတ်ပုံကျွမ်းကျင် ရာထူးအတွက်(၅၄)ဦးနှင့် ဒုတိယဦးစီးမှူး ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ စုစုပေါင်း (၁၅)ဦး လာရောက်ဖြေဆို။

■









(၂၀-၁-၂၀၂၃) ရက်နေ့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၌ လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး၊ စာရင်းကိုင်-၄ နှင့် ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများတွင်ခန့်ထားနိုင်ရေးအတွက် လူတွေ့စစ်ဆေးခြင်းကို ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အငယ်တန်းစာရေး၊ စာရင်းကိုင်-၄ နှင့် ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ စုစုပေါင်း (၂၂)ဦး လာရောက်ဖြေဆို။



# အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ





● နေပြည်တော်၊ ဇန်နဝါရီလ(၂၀)ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းရှိ Multi Purpose Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၂၃ ခုနှစ်၊ မေလ



(၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ ဖနွမ်းပင်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ အားကစားနည်း (၂၀)နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါအားကစားနည်းများအနက်မှ အားကစားနည်း (၁၆)နည်းအတွက် Technical Hand Book များကို သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါ Technical Hand Book တွင် ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များရှိပါက အားကစားနည်းအလိုက် ဆွေးနွေးတင်ပြပေးစေလိုကြောင်း၊ SEA Games ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို ၂၀၂၂ခုနှစ်၊ ဇူလိုင်လ (၂)ရက်နေ့မှစတင်၍ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိရာ ယခုဆိုလျှင် အချိန်ကာလအနေဖြင့် (၆)လကျော်ရှိပြီဖြစ်ပါကြောင်း၊သို့ဖြစ်ပါ၍ လက်ရှိစခန်းဝင်လေ့ကျင့်နေသည့်အားကစားသမားများ၏ စံချိန်စံညွှန်း အရည်အချင်းတိုးတက်မှု အခြေအနေများနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးတင်ပြပေးစေလိုကြောင်း၊ ဒါ့အပြင် ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများမှ လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲသုံး အားကစားအထောက်အကူပြုပစ္စည်းများ ဝယ်ယူပြီးစီးမှု အခြေအနေများနှင့် ပြိုင်ပွဲမတိုင်ခင် (၂)လအလို ပြိုင်ပွဲသုံး အားကစားအထောက်အကူပြုပစ္စည်းများ စုံလင်မှုရှိစေရေး စိစစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ SEA Games ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် အားကစားသမားများ အရေအတွက်ကို ဇန်နဝါရီလ(၂၇)ရက်နေ့နှင့် အားကစားသမားများ၏ အမည်စာရင်းကို မတ်လ(၅)ရက်နေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာဌာနသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း၊ အိုလံပစ်အားကစားနည်းဖြစ်သည့် ရေကူးအားကစားနည်းနှင့် တင်းနစ်အားကစားနည်းများကို Camp သွင်းလေ့ကျင့်နိုင်

စာမျက်နှာ(၅၄)သို့

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့်စပ်လျဉ်း၍ ပထမအကြိမ် နိုင်ငံအလိုက် အားကစားအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးသို့တက်ရောက်

● ရန်ကုန်၊ ဇန်နဝါရီလ(၂၄)ရက်။

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် (၂၅-၁-၂၀၂၃)ရက်နေ့မှ (၂၇-၁-၂၀၂၃)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့်စပ်လျဉ်း၍ ပထမအကြိမ် နိုင်ငံအလိုက် အားကစားအဖွဲ့ခေါင်းဆောင်များအစည်းအဝေး (First Chef De Mission Meeting)သို့ တက်ရောက်ရန်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့သည် ယနေ့နံနက်(၁၁း၂၅) နာရီ




အချိန်တွင် လေယာဉ်အမှတ် WE 302 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ ■

# ဦးစီးအရာရှိ/ရုံးအုပ်/ဌာနခွဲစာရေးတို့နှင့် အဆင့်တူ ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားနိုင်ရန်အတွက် ရေးဖြေစာမေးပွဲကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၃၀)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဌာနခွဲများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ/ရုံးအုပ်/ဌာနခွဲစာရေးတို့နှင့် အဆင့်တူ ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားနိုင်ရန်အတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူ စုစုပေါင်း (၃၃)ဦးတို့အား ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ယနေ့နံနက်(၉)နာရီခွဲအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း (Media Room) ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ စီမံ/ဘဏ္ဍာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစန်းချိုနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများကို (၃၁-၁-၂၀၂၃) ရက်နေ့ နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း အစည်းအဝေးခန်းမ၌ လူတွေ့စစ်ဆေးခြင်းကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

▶ စာမျက်နှာ(၅၃)သတင်း•••မှအဆက်

ရေးနှင့် SEA Games တွင်ပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ အားကစားနည်းအလိုက် တာဝန်ရှိသူများမှ Technical Hand Book တွင် ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များအား လည်းကောင်း၊ လေ့ကျင့်ရေးသုံး အားကစားအထောက်အကူပြုပစ္စည်းများနှင့် ပြိုင်ပွဲသုံး အားကစား အထောက်အကူပြုပစ္စည်းများ ဝယ်ယူပြီးစီးမှု အခြေအနေများ အားလည်းကောင်း၊ စခန်းဝင်လေ့ကျင့်နေသည့် အားကစားသမားများ၏ လေ့ကျင့်မှု စံချိန်စံညွှန်း အရည်အချင်းတိုးတက်မှု အခြေအနေများ အားလည်းကောင်း အသီးသီးဆွေးနွေးတင်ပြခဲ့မှုများအပေါ် ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒို့သွေး ဒို့သား ပြည်သူများ
လူပ်ရှားတူပျော် အားကစားပွဲတော်

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ တွေ့ဆုံဆန္ဒထုတ်ဖော်ပွဲ အခမ်းအနားကျင်းပ









● နေပြည်တော်၊ ဇန်နဝါရီလ(၃၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ဝန်ထမ်းများတွေ့ဆုံဆန္ဒထုတ်ဖော်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ဝန်ထမ်းအဖွဲ့အစည်းများတွင် အထက်အကြီးအကဲများနှင့် ဝန်ထမ်းများ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အခက်အခဲများကို ဝန်ထမ်းစည်းမျဉ်း/စည်းကမ်းဘောင်အတွင်းမှ ဖြေရှင်းဆောင်ရွက်နိုင်ရန် ဝန်ထမ်း ဒါဘာကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် လစဉ် ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းသည် ယခုဆိုလျှင် တတိယအကြိမ်ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ဝန်ထမ်းများနှင့် တွေ့ဆုံဆန္ဒထုတ်ဖော်ပွဲကို (၆-၁-၂၀၂၃)ရက်နေ့တွင်ပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားတွင် တင်ပြခဲ့သည့် ဝန်ထမ်းများ၏ အခက်အခဲတင်ပြချက်များကို အကြီးအကဲများ၏ လမ်းညွှန်ချက်အတိုင်း ဖြေရှင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဒါဘာတွင် ဝန်ထမ်းများတင်ပြလိုသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ပါကြောင်း၊ ဝန်ထမ်းများ စည်းကမ်း ဖောက်ဖျက်ခြင်းနှင့် တာဝန်ပျက်ကွက်လျှင် ထိထိရောက်ရောက် အပြစ်ပေး အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဝန်ထမ်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ/ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ တာဝန်ထမ်းဆောင်စေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခွင့်တောင်းခံခြင်းကိစ္စများ၊ ရုံးစာရွက်စာတမ်း လုံခြုံရေးကိစ္စများကို လူမှုကွန်ရက်စာမျက်နှာများပေါ်သို့ တင်ပြခြင်းများ မပြုလုပ်ကြရန် မှာကြားလိုကြောင်း၊ မကြာမီ ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာတော့မှာ ဖြစ်သည့်အတွက် ရုံးများ၊ အားကစားကွင်း/ အားကစားရုံများ၊ ဝန်ထမ်းအိမ်ရာများတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးကို ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်ချက်အရ ရုံးအဆောက်အဦများ၊ အားကစားကွင်း/ အားကစားရုံများတွင် လျှပ်စစ်မီးသုံးစွဲမှုနှင့်ပတ်သက်၍ စနစ်တကျဂရုတစိုက်စိစစ်ပြီး ဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းအိမ်ရာများတွင် ဌာနမှ တပ်ဆင်ပေးထားသော မီးသတ်ဆေးဘူးများကို စနစ်တကျ ထိန်းသိမ်းအသုံးပြုရန်လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အဦများနှင့် အားကစားကွင်း/အားကစားရုံများ သန့်ရှင်းသာယာလှပမှု ရှိစေရေးကိုလည်း ဂရုတစိုက် ဆောင်ရွက်ပေးကြရန် ထပ်မံမှာကြားလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနခွဲအသီးသီးမှ အရာထမ်း/ အမှုထမ်းများကငင်းတို့၏အခက်အခဲများကို တင်ပြခဲ့ကြပြီးနောက် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ရှင်းလင်းဖြေကြားခဲ့ပြီး နိဂုံးချုပ်အနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းကိစ္စများကို အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြစေ လိုပါကြောင်း၊ ဝန်ထမ်းများမှ မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ကျွမ်းကျင်တတ်မြောက်မှုရှိရန် လေ့လာသင့်သည့် ပညာရပ်များနှင့် ရုံးလုပ်ငန်းလက်စွဲ၊ ဝန်ထမ်းနည်းဥပဒေ/ ဥပဒေများကို လေ့လာဖတ်ရှုပြီး သိရှိနားလည်ထားရန် လိုအပ်ကြောင်း၊ မိမိတို့ တာဝန်ကျရာဒေသများတွင် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ယခုပြုလုပ်သည့် ဆန္ဒထုတ်ဖော်ပွဲ၌လည်း ဝန်ထမ်းများ၏ အခက်အခဲများကို တင်ပြဆွေးနွေးနိုင်ပါကြောင်း၊ ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး တင်ပြခွင့်ပြုချက်ဖြင့်ဖြေရှင်းရန် လိုအပ်သည့် ကိစ္စများကိုလည်း အကြီးအကဲများထံ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# ဦးစီးအရာရှိ/ရုံးအုပ်/ဌာနခွဲစာရေးတို့နှင့် အဆင့်တူရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားနိုင်ရန်အတွက် လူတွေ့စစ်ဆေးခြင်းပြုလုပ်





● နေပြည်တော်၊ ဇန်နဝါရီလ(၃၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ဌာနခွဲများနှင့်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ/ရုံးအုပ်/ဌာနခွဲစာရေးတို့နှင့် အဆင့်တူ ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားနိုင်ရန်အတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအား ရေးဖြေစာမေးပွဲကို ယမန်နေ့က စစ်ဆေးခဲ့ပြီး ဖြေဆိုအောင်မြင်သူများကို ယနေ့နံနက် (၁၀)နာရီအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း အစည်းအဝေးခန်းမ (အပေါ်ထပ်)၌ လူတွေ့အရည်အချင်း စစ်ဆေးခြင်းကို ပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦးနှင့် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစန်းချိုတို့မှ စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

■

# ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အပြေးပြိုင်ပွဲကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၄)ရက်။

ယနေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူးပြီး မျိုးဆက်သစ်ပြေးခုန်ပစ် အားကစားသမား များစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာန ပေါင်းစုံ အပြေးပြိုင်ပွဲကို ယနေ့နံနက်(၇) နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကျင်းပခဲ့သည်။

အပြေးပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး မီတာ(၈၀၀)ပြိုင်ပွဲတွင် ပထမဆုကို အိသက်မွန် (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒုတိယဆုကို နွေယမင်းသူ (ကာကွယ်ရေးဝန်ကြီးဌာန) နှင့် တတိယဆုကို မေဇွန်ကျော် (ကာကွယ်ရေးဝန်ကြီးဌာန) တို့က လည်းကောင်း၊ အမျိုးသားမီတာ(၈၀၀) ပြိုင်ပွဲတွင် ပထမဆုကို မျိုးဝင်းကို (ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒုတိယဆုကို စိန်ထွန်း(ပြည်ထဲရေးဝန်ကြီးဌာန) နှင့် တတိယဆုကို နိုင်လွင်ထူး(ကာကွယ်ရေးဝန်ကြီးဌာန)တို့က လည်းကောင်း၊ အမျိုးသမီး မီတာ(၄၀၀) ပြိုင်ပွဲတွင် ပထမဆုကို နွေဦးခိုင် (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒုတိယဆုကို အိသက်မွန် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့်တတိယဆုကို ရီးမြာ (ပြည်ထဲရေးဝန်ကြီးဌာန)တို့ကလည်းကောင်း၊ အမျိုးသား မီတာ(၄၀၀) ပြိုင်ပွဲတွင် ပထမဆုကို ဇူးကိုကိုဇော် (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒုတိယဆုကို ဇော်ဇော်ထွင်(ကာကွယ်ရေးဝန်ကြီးဌာန)နှင့် တတိယဆုကို နေထက်အောင်(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) တို့ကလည်းကောင်း၊ အမျိုးသမီး

▶▶







# ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စုနေ့အထိမ်းအမှတ် Essay and Presentation ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၂၇)ရက်။

အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲမှ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်တက်လာစေရန်နှင့် အင်္ဂလိပ်စာစွမ်းရည်တိုးတက်လာစေရန်ရည်ရွယ်၍ ယနေ့နံနက်(၁၀)နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း Social Zone ရှိ အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူးရုံးခန်း၌ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ် Essay and Presentation ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲလွင်၊ အရာထမ်း/အမှုထမ်းများနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် "ပြည်ထောင်စု"ဟူသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများကို စုစည်းပြီး စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်သောစကားစုဖြစ်ပါကြောင်း၊ ပြည်မနှင့် တောင်တန်းဒေသ ပြည်နယ်များ ပူးပေါင်းရေး သဘောတူညီချက်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့၌ ပင်လုံစာချုပ်ပေါ်တွင်လက်မှတ်ရေးထိုးခဲ့သည့်နေ့ကို မြန်မာနိုင်ငံ၏

စာမျက်နှာ(၅၈)သို့







မီတာ(၂၀၀)ပြိုင်ပွဲတွင် ပထမဆုကို ပပဦး (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒုတိယဆုကို နော်မြင့်မြင့်စန်း(ပြည်ထဲရေးဝန်ကြီးဌာန)နှင့် တတိယဆုကို သန္တာမြင့် (အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)တို့က လည်းကောင်း၊ အမျိုးသားမီတာ(၂၀၀) ပြိုင်ပွဲတွင် ပထမဆုကို နေထက်အောင်(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၊ ဒုတိယဆုကို ကျော်ကိုကိုလွင်(ကာကွယ်ရေးဝန်ကြီးဌာန) နှင့် တတိယဆုကို မျိုးကိုကို(ကာကွယ်ရေးဝန်ကြီးဌာန)တို့က လည်းကောင်း၊ အမျိုးသမီး မီတာ(၁၀၀) ပြိုင်ပွဲတွင် ပထမဆုကို နွေဦးခိုင် (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒုတိယဆုကို ပပဦး (ကာကွယ်ရေးဝန်ကြီးဌာန) နှင့် တတိယဆုကို မြင့်မြင့်ဌေး(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)တို့က လည်းကောင်း၊ အမျိုးသား မီတာ(၁၀၀)ပြိုင်ပွဲတွင် ပထမဆုကို သီဟနိုင်(အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန) ဒုတိယဆုကို ဇော်မင်းအောင်(ကာကွယ်ရေးဝန်ကြီးဌာန)နှင့် တတိယဆုကို ဇင်ကိုဌေး(ပြည်ထဲရေးဝန်ကြီးဌာန)တို့က လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး မီတာ(၈၀၀) ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီး မင်းမင်းအောင်က လည်းကောင်း၊ အမျိုးသား မီတာ(၈၀၀) ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ပြည်ထဲရေးဝန်ကြီးဌာန ရဲမှူး စန်းစန်းစိမ့်ကလည်းကောင်း၊ အမျိုးသမီး မီတာ(၄၀၀)ပြိုင်ပွဲတွင် ဆုရရှိကြသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုလှိုင်က လည်းကောင်း၊ အမျိုးသား မီတာ(၄၀၀)ပြိုင်ပွဲတွင် ဆုရရှိကြသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးရဲဝင်းထွန်းက လည်းကောင်း၊ အမျိုးသား/အမျိုးသမီး မီတာ(၂၀၀)ပြိုင်ပွဲတွင် ဆုရရှိကြသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမိုးဦးက လည်းကောင်း၊ အမျိုးသား/အမျိုးသမီး မီတာ(၁၀၀)ပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း တစ်ဦးချင်းဆုဆွဲပြားများနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)၊ အခြေခံပညာ အထက်တန်းကျောင်း၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောင်းသား/ ကျောင်းသူများအား ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့် ကျောင်းအုပ်ကြီး ဦးဝင်းနိုင်တို့မှ ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။







# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လက်ရွေးစင် ရေကူးအားကစားသမားများအား အပြီးသတ်လူရွေးချယ်ပွဲကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၂၈)ရက်။

၂၀၂၃ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရေကူးအားကစားနည်းမှ အားကစားသမားများအား အပြီးသတ်လူရွေးချယ်ပွဲကို ယနေ့ နံနက် (၉)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ရေကူးကန်၌ ကျင်းပခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ညွှန်ကြားရေးမှူးများနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

အဆိုပါ လူရွေးချယ်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် (အမျိုးသား/အမျိုးသမီး) တစ်ဦးချင်း မီတာ(၂၀၀)လေးမျိုးကူးပြိုင်ပွဲ၊ မီတာ(၅၀) ပက်လက်ကူးပြိုင်ပွဲ၊ မီတာ(၅၀) ရင်ဘောင်တန်းကူးပြိုင်ပွဲ၊ မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲ၊မီတာ(၅၀)လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ(၁၀၀)ပက်လက်ကူးပြိုင်ပွဲ၊ မီတာ(၁၀၀) ရင်ဘောင်တန်းကူးပြိုင်ပွဲ၊ မီတာ(၁၀၀) အလွတ်ကူးပြိုင်ပွဲ၊ မီတာ(၁၀၀)လိပ်ပြာကူးပြိုင်ပွဲများတွင် ရေကူးအားကစားသမား စုစုပေါင်း(၁၀)ဦး ဝင်ရောက်ယှဉ်ပြိုင်၍ အရွေးချယ်ခံခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ(၅၇)သတင်း• • •မှအဆက်

ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိဘဝတိုးတက်ရေးနှင့် ဌာနတိုးတက်ရေးအတွက် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပညာဝမ်းစာများကို အစဉ်အမြဲ ဖြည့်တင်းလေ့လာနေရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရာထူးအဆင့်အလိုက် ပခုံးပြောင်း လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများသည် ဆရာထက်ပိုတော်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်နှင့် မိမိတို့တာဝန်ကျရာ လုပ်ငန်းနယ်ပယ်တွင် ပိုမိုတိုးတက်အောင်မြင်လာစေရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏အရည်အချင်းတိုးတက်အောင် ခေတ်နှင့်အညီ ပြောင်းလဲလာသည့် IT နည်းပညာများ၊ အင်္ဂလိပ်ဘာသာစကားနှင့် ပြင်ပစာပေ ဗဟုသုတများကိုလည်း အမြဲလေ့လာ ဆည်းပူးနေရမည်ဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းအချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီပြီး ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် လုပ်ငန်းများ အောင်မြင်တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးရဲလွင်က အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲမှ ဝန်ထမ်းများ၏ အင်္ဂလိပ်စာအရည်အသွေး ပိုမိုတိုးတက်လာစေရန် ယခုပြိုင်ပွဲကိုကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အားလပ်ချိန်များတွင် အသိပညာ ဗဟုသုတများရရှိစေသော စာအုပ်စာပေများကို လေ့လာဖတ်ရှုရမည်ဖြစ်ပါကြောင်း၊ ဌာနအနေဖြင့်လည်း ဝန်ထမ်းများ၏ အင်္ဂလိပ်စာစွမ်းရည်တိုးတက်လာစေရန် အင်္ဂလိပ်စာ (4 Skills) သင်တန်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့၏ အားသာချက် အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်အောင် ဆက်လက်ကြိုးစားရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းနှင့်သက်ဆိုင်သည့် ပညာဝမ်းစာများကိုလည်း ဖြည့်တင်းလေ့လာထားရန်လိုကြောင်းမှာကြားခဲ့သည်။

ထို့နောက် Essay ပြိုင်ပွဲတွင် ဦးစိုးမင်း(ရုံးအုပ်)၊ ဒေါ်ဇင်မာဦး (ဦးစီးမှူး-ကွန်ပျူတာ)၊ ဒေါ်ဝါဝါဝင်း(ဦးစီးမှူး-ကွန်ပျူတာ)၊ ဒေါ်ကြည်ကြည်မေ(ဌာနခွဲစာရေး)နှင့် ဒေါ်အိအိသက်(အငယ်တန်းစာရေး)တို့မှ Union Day ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင်ဆုရရှိခဲ့ကြသူများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြိုင်ပွဲတွင် ဒိုင်အဖြစ် ကူညီဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီရုံးမှ ဦးအောင်မြတ်ကိုကို (အားကစားမှူး) နှင့် ဒေါ်မို့မို့ဟိန်းကိုကို(အားကစားမှူး)တို့အားညွှန်ကြားရေးမှူး ဦးရဲလွင်မှ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။







အားကစားလိုက်စား လူငယ်များ
တိုင်းကားပြည်ရွာ ဂုဏ်ထည်ပါ

# အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ၂၀၂၂-၂၀၂၃ပညာသင်နှစ်၊ အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်အခမ်းအနားကျင်းပ





● တောင်ကြီး၊ ဇန်နဝါရီလ(၁၀)ရက်။

အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)အားကစားနှင့် ပညာရေး ပေါင်းစပ် အထက်တန်းကျောင်း၏ ၂၀၂၂-၂၀၂၃ ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့နံနက်(၉)နာရီ အချိန်တွင် ဘော်လီဘောရုံ၌ကျင်းပ ပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)ကျောင်းအုပ်ကြီး ညွှန် ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ဒုတိယ ကျောင်းအုပ်များ၊ လက်ထောက်ညွှန် ကြားရေးမှူးများ၊ တာဝန်ရှိအရာထမ်း၊ အမှုထမ်းများ၊ အားကစားနှင့် ပညာ ရေးပေါင်းစပ် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် သင်ကြား ရေးဆရာမများ၊ သင်တန်းသား/သင် တန်းသူများ တက်ရောက်ခဲ့ပါသည်။



ရှေးဦးစွာ အားကစားနှင့် ကာယ ပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ် ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး က အဖွင့်အမှာစကား ပြောကြား ပြီး သင်တန်းသား၊ သင်တန်းသူများမှ "ထာဝရသစ္စာ"သီချင်းဖြင့် ဖွင့်လှစ် သီဆိုကပြခဲ့ပါသည်။ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို စာစီ စာကုံး ဆုရရှိသူများနှင့် အသင်း အလိုက် ပျော်ပွဲ၊ ရွှင်ပွဲ အားကစား ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ခြင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူ(၄)ဦးနှင့် ဂုဏ် ထူးရ ကျောင်းသူ(၁)ဦးအား ဆု တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များအား ပေးအပ်ချီးမြှင့်ခြင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် သင်ကြားလျက်ရှိ သောဆရာ/ဆရာမများအား ဂုဏ်ပြု လက်ဆောင်များနှင့် ချီးမြှင့်ငွေများကို ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးမှ ချီးမြှင့်ပေးခဲ့ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် သင်ကြားပြသပေးသော ဆရာ/ဆရာမ များအား ဘာသာရပ်တစ်ခုချင်းစီ အလိုက် အားမာန်ဆု ဂုဏ်ပြုလက် မှတ်များအား အားကစားနှင့်ပညာရေး ပေါင်းစပ် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးမှ ချီးမြှင့်ခဲ့ ပါသည်။

ဆက်လက်ပြီး အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်း သင်တန်းသား/ သင်တန်းသူများမှ"ရှမ်းအက"၊"ပအိုဝ့် အက"၊ " Dreamers"၊ "Physical Fitness Dance ပွဲစဉ်(၆)၊ ပွဲစဉ်(၇)" အကများဖြင့် ကပြဖျော်ဖြေခဲ့ပြီး ဆု ရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူ များ၊ ကျောင်းအုပ်ကြီး၊ ဆရာ/ဆရာမ များ၊ နည်းပြများနှင့် အမှတ်တရမှတ် တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရှိရသည်။





(၁၄-၁-၂၀၂၃)ရက်နေ့တွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ဒီဇင်ဘာလအခန်းဆုံး စစ်ဆေးချက် စာမေးပွဲတွင် Grade အလိုက်ဆုရရှိသော ကျောင်းသား/ကျောင်းသူ များအား ဆုများချီးမြှင့်။





# အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကျင်းပ






● မုံရွာ၊ ဇန်နဝါရီလ(၁၃ )ရက်။

အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)၊ အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်း၏ ၂၀၂၂-၂၀၂၃ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အား ယနေ့နံနက် (၁၀း၃၀)နာရီအချိန်တွင် ကျောင်းလေ့ကျင့်ရေးခန်းမ(၁)တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အားကာသိပ္ပံကျောင်းအုပ်ကြီးနှင့် အရာထမ်း/အမှုထမ်းများ၊ တိုင်း/ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ပညာရေး ကျောင်းအုပ်ကြီးနှင့်ဆရာ/ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းသား/သူများနှင့် သီးခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပါသည်။ အခမ်းအနားတွင် အား/ကာသိပ္ပံ ကျောင်းအုပ်ကြီးမှ အဖွင့်အမှာစကား ပြောကြားခြင်း၊ ပညာရေး အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးမှ အမှာစကားပြောကြားခြင်း၊ အတန်းဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် ကျောင်းအားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များအား ကျောင်းသား/သူများမှ တေးသရုပ်ဖော် အကအလုများဖြင့် ဖျော်ဖြေတင်ဆက်ကြပါသည်။

ထို့နောက် တေးသရုပ်ဖော်အကအလုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား/ ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များမှ ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ကာ အခမ်းအနားအား နေ့လယ်(၁၂)နာရီအချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။


# ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပြေးခုန်ပစ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ





● နေပြည်တော်၊ ဇန်နဝါရီလ(၂)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) ပြေးခုန်ပစ် အပြေးပြိုင်ပွဲနှင့် အခုန်ပြိုင်ပွဲ ပွဲစဉ်များကို ယမန်နေ့ မွန်းလွဲ(၂) နာရီခွဲမှစတင်၍ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ လည်းကောင်း၊ အပစ်ပြိုင်ပွဲများကို လေ့ကျင့်ရေးကွင်းအမှတ်(၁)၌လည်းကောင်း သတ်မှတ်နေရာများတွင် အသီးသီး ကျင်းပခဲ့သည်။



ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး (မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ၊ မီတာ ၂၀၀၊ မီတာ ၈၀၀၊ မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ)၊အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး (၇)မျိုးစုံ ပြိုင်ပွဲအနက် (အလျားခုန်၊ လုံတံပစ်၊ မီတာ ၈၀၀) လူရွေးပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ အမျိုးသား/အမျိုးသမီး (မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲနှင့် အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင်ဆုရရှိကြသူများကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ထူးအောင်ကလည်းကောင်း၊ အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲနှင့် အမျိုးသမီး မီတာ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်ကလည်းကောင်း၊ အမျိုးသား မီတာ ၃၀၀၀ တားဆီးကျော် ပြိုင်ပွဲနှင့် အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက လည်းကောင်း၊ အမျိုးသား/အမျိုးသမီး (မီတာ ၄၀၀ အပြေးပြိုင်ပွဲနှင့် မီတာ ၁၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲ)များတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းကလည်းကောင်း၊ အမျိုးသမီး (သံလုံး

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကရာတေးကစားသမားများ စခန်းသွင်းလေ့ကျင့်မှု ပဏာမလူရွေးချယ်ရေး လက်ရည်စစ်ပြိုင်ပွဲကျင်းပ





● ရန်ကုန်၊ ဇန်နဝါရီလ(၆)ရက်။

၂၀၂၃ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ကရာတေးကစားသမားများ စခန်းသွင်းလေ့ကျင့်မှု ပဏာမလူရွေးချယ်ရေး လက်ရည်စစ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက်မှ ၆ ရက်ထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်လေ့ကျင့်ရေးစခန်း၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင်များ၊ အမှတ်ပေး အကဲဖြတ်ဆရာကြီးများ တက်ရောက်ကြည့်ရှုကြသည်။

အဆိုပါပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ၂၀၂၂ခုနှစ်တွင်နေပြည်တော်

စာမျက်နှာ(၆၂)သို့ ▶













▶▶

ပစ်ပြိုင်ပွဲ၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲ)၊ အမျိုးသား (တုတ်ထောက်ခုန်ပြိုင်ပွဲ၊ (၁၀)မျိုးစုံပြိုင်ပွဲ၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲများတွင် ဆုရရှိကြသူများကို မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများနှင့် ကိုရီးယားနိုင်ငံ ပြေးခုန်ပစ် အဖွဲ့ချုပ် (KAAF)မှ (တာဝေး/တာလတ်)နည်းပြ Mr.Soon Young Kwon တို့က လည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

# ဆီးဂိမ်းအကြို ကမ္ဘောဒီးယားရိုးရာစစ်တုရင်ပြိုင်ပွဲ မြန်မာအသင်း ရွှေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူး

● ရန်ကုန်၊ ဇန်နဝါရီလ (၁၃)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား(ဆီးဂိမ်း)ပြိုင်ပွဲအကြိုအဖြစ်ကျင်းပခဲ့သည့် ကမ္ဘောဒီးယားရိုးရာ စစ်တုရင်(Out Chaktrang ) ပြိုင်ပွဲတွင် မြန်မာစစ်တုရင်အသင်းအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့နယ်ရှိ ရှိုင်ရယ်တက္ကသိုလ်တွင် ဇန်နဝါရီ ၆ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် စစ်တုရင်ပြိုင်ပွဲတွင် မြန်မာစစ်တုရင်အသင်း အနေဖြင့် အမျိုးသား သုံးယောက်တွဲ စစ်တုရင်ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆု၊ အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်နှင့် အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆု ရရှိခဲ့ပြီး အိမ်ရှင် ကမ္ဘောဒီးယားက ရွှေသုံးခု၊ ဗီယက်နမ်က ရွှေနှစ်ခု၊ မြန်မာမှ ရွှေတစ်ခု ရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် အိမ်ရှင် ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊လာအိုနိုင်ငံမှ ကစားသမားအများဆုံးဝင်ရောက်ခဲ့ပြီး မြန်မာမှ ကစားသမားလေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်း ကမ္ဘောဒီးယားရိုးရာစစ်တုရင်(Out Chaktrang ) ကစားနည်းပြိုင်ပွဲ ခြောက်မျိုးတွင် အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦး ဆီးဂိမ်းတွင် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။




# ထိုင်းနိုင်ငံ၌ကျင်းပသည့် သက်ကြီးတန်း ချန်ပီယံရှစ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ မြန်မာ ရွှေတစ်ခု၊ ငွေနှစ်ခုရရှိ

● ရန်ကုန်၊ ဇန်နဝါရီလ(၁၈)ရက်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇန်နဝါရီ ၁၃ ရက်မှ ၁၆ရက်အထိကျင်းပခဲ့သည့် (Thailand Master Chanpionship and All Thailand Table Tennis Championship) ပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် နှစ်ခုရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်မှ အားကစားသမား သက်ကြီးတန်းတွင် ငါးဦး၊ သက်ငယ်တန်းတွင် တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းပြိုင်ပွဲ၌ သက်ကြီးတန်း ချန်ပီယံရှစ်နှင့် တစ်ဦးချင်း အလွတ်တန်းတွင် မြန်မာမှ ကိုကြည်မြင့်က Over 40 တွင် ငွေနှစ်ခု၊ Over 50 တွင် ရွှေတစ်ခု ဆွတ်ခူးရရှိခဲ့သည်။






"ဒီပြိုင်ပွဲကို ယှဉ်ပြိုင်ဖို့ စာရင်းပေးပြီးကတည်းက ပုံမှန်လေ့ကျင့်ခဲ့တယ်။ ထိုင်း၊ တရုတ်၊ ဂျာမနီ၊ ပြင်သစ် စတဲ့ နိုင်ငံတွေကလည်း လာရောက်ယှဉ်ပြိုင်ကြတယ်။ အဓိက ကစားသမားတွေကတော့ ထိုင်းနိုင်ငံက ကစားသမားတွေပါ။ Over 50 ဗိုလ်လုပွဲမှာ ထိုင်းကစားသမားကို သုံးပွဲ၊ ပွဲမရှိနဲ့ အနိုင်ရရှိပြီး ရွှေတံဆိပ်ရရှိခဲ့တယ်။ လူငယ်တွေကို ပြောချင်တာက ဘယ်ပြိုင်ပွဲမဆို ဂိမ်းပွိုင့်မရောက်မချင်း ကြိုးစားထားပါ။ တစ်မှတ်နဲ့ ကိုယ်ပြန်ရှုံးသွားတာ နစ်နာပါတယ်"ဟု ကိုကြည်မြင့်က ပြောသည်။

ယင်းပြိုင်ပွဲတွင် အလွတ်တန်း ကစားသမား ၁၂၅ဦး၊Over 40ပြိုင်ပွဲတွင်ကစားသမား ၈၅ ဦး၊ Over 50 ပြိုင်ပွဲတွင် ကစားသမား ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အောင်ပွဲရ မြန်မာစားပွဲတင်တင်းနစ် ပြိုင်ပွဲဝင်အားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေ၊ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ အားကစားသမားများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

စာမျက်နှာ(၆၁)သတင်း...မှအဆက်

၌ လူငယ် Camp တစ်ခု ဖွဲ့စည်းလေ့ကျင့်၍ ရန်ကုန်နှင့် မန္တလေးတို့တွင်လည်း စုဖွဲ့မှုတစ်ခုဖြင့်လေ့ကျင့်လျက်ရှိသည်။ ထို့နောက် ရန်ကုန်မြို့ အောင်ဆန်းကွင်းတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိပါသည်။

ပဏာမ လူရွေးချယ်ရေး လက်ရည်စစ်ပြိုင်ပွဲတွင် ကစားသမားများ၏ နည်းစနစ်ကျွမ်းကျင်မှု၊ နည်းပရိယာယ် ကျွမ်းကျင်မှု၊ ကြံ့ခိုင်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ ဥပဒေကို ကျွမ်းကျင်စွာအသုံးချနိုင်မှု၊ ဥပဒေနားလည်မှု၊ လိုက်နာမှု စသည်ဖြင့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ရွေးချယ်ရေးကော်မတီကိုဖွဲ့ပြီး ရွေးချယ်သွားမည်ဖြစ်သည်။

ပဏာမ လူရွေးချယ်ရေး လက်ရည်စစ်ပြိုင်ပွဲ၌ အသင်း ၁၄ သင်းမှ ကစားသမား ၃၄ ယောက်တို့က ပြိုင်ပွဲအမျိုးအစား ၃၉ မျိုးတွင်ပါဝင်ယှဉ်ပြိုင်လျက်ရှိကြကြောင်း သိရှိရသည်။

# ၂၀၂၃ ကမ္ဘာ့ချန်ပီယံရှစ် စကိတ်စီးပြိုင်ပွဲ မြန်မာစကိတ်အားကစားသမား ထက်မြက်နိုင် ဝင်ရောက်ယှဉ်ပြိုင်မည်



● ရန်ကုန်၊ ဇန်နဝါရီလ(၂၃)ရက်။

၂၀၂၃ကမ္ဘာ့ချန်ပီယံရှစ် စကိတ်စီးပြိုင်ပွဲ (Street / Park Skate boarding World Championship 2023 )တွင် မြန်မာစကိတ်အားကစားသမား ထက်မြက်နိုင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

Olympic Solidarity Team ၏ လူငယ်ဖွံ့ဖြိုးရေး စီမံချက်အရ စကောလားရှစ် အစီအစဉ်တွင် နိုင်ငံအဆင့်နှင့် ပြည်ပပြိုင်ပွဲများ၌ အမှတ်အများဆုံးရရှိသော ကစားသမားကို ရွေးချယ်ရာ မြန်မာနိုင်ငံမှ ထက်မြက်နိုင်က ရရှိခဲ့သည့်အတွက် ဇန်နဝါရီ(၂၉)ရက်မှ ဖေဖော်ဝါရီ (၆) ရက်အထိ ယူအေအီးနိုင်ငံ ရှာရက်မြို့ရှိ စကိတ်ကွင်းတွင် ကျင်းပမည့် အဆိုပါစကိတ်စီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲသည် ၂၀၂၄ခုနှစ် ပြင်သစ်နိုင်ငံတွင်ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲ၏ ခြေစစ်ပွဲစဉ် အမှတ်ယူသည့်ပြိုင်ပွဲလည်းဖြစ်သည်။

မြန်မာစကိတ် အားကစားသမား ထက်မြက်နိုင်၏ စရိတ်အားလုံးကို ကမ္ဘာ့အိုလံပစ်ကောင်စီမှ ကျခံမည်ဖြစ်ပြီး ယင်းပြိုင်ပွဲသည် မြန်မာစကိတ်ဘုတ်အသင်းအတွက် ဒုတိယအကြိမ် အိုလံပစ် အတွေ့အကြုံတစ်ခုဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲ၏ ဆက်စပ်အစည်းအဝေးများကို ကမ္ဘာ့စကိတ် (မြန်မာ)မှ တာဝန်ရှိသူကိုပြည့်ဦး တက်ရောက်မည်ဖြစ်သည်။

မြန်မာစကိတ် အားကစားအဖွဲ့သည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်က မလေးရှားနိုင်ငံမလက္ကာမြို့၌ ကျင်းပသည့် မလက္ကာအလွတ်တန်းစကိတ်အမြန်စီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု စကိတ်အားကစားသမား (၂)ဦးက ရွှေတံဆိပ်(၄)ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။









(၂၁/၂၂/၂၃-၁-၂၀၂၃) ရက်နေ့တွင် ၂၀၂၂-၂၀၂၃ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် လာရောက်ယှဉ်ပြိုင်သည့် အားကစားသမားများအား အောင်မြင်ကျော်ကြားခဲ့သည့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၏ အားကစားစွမ်းဆောင်ခဲ့မှုသမိုင်းမှတ်တမ်းများကို ကြည့်ရှုလေ့လာမှတ်သား၍ အားကစားကို ပိုမိုစိတ်ပါဝင်စား၍ စိတ်ဓာတ်ခွန်အားများရရှိစေပြီး အတုယူ ကြိုးစားလိုစိတ်များ ဖြစ်ပေါ်လာစေရန်အတွက် (၂၁-၁-၂၀၂၃)ရက်နေ့တွင် ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ (၂၂-၁-၂၀၂၃) ရက်နေ့တွင် နေပြည်တော်အသင်း၊ ကရင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် (၂၃-၁-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့မှ



စာမျက်နှာ(၆၄)သို့





(၂၄/၂၅-၁-၂၀၂၃) ရက်နေ့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် လာရောက်ယှဉ်ပြိုင်သည့် အားကစားသမားများအား အောင်မြင်ကျော်ကြားခဲ့သည့် မြန်မာ့လက်ရွေးစင် အားကစားသမား ဟောင်းများ၏ အားကစားစွမ်းဆောင်ခဲ့မှု သမိုင်းမှတ်တမ်းများကို ကြည့်ရှုလေ့လာမှတ်သားပြီး အားကစားကို ပိုမိုစိတ်ပါဝင်စား၍ စိတ်ဓာတ်ခွန်အားများ ရရှိစေပြီး အတုယူ ကြိုးစားလိုစိတ်များဖြစ်ပေါ်လာစေရန်အတွက် (၂၄-၁-၂၀၂၃) ရက်နေ့တွင် ရခိုင်ပြည်နယ်အသင်း၊



ပဲခူးတိုင်းဒေသကြီးအသင်းနှင့် (၂၅-၁-၂၀၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအသင်းတို့မှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများသည် ယနေ့မွန်းလွဲ(၁)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းအတွင်းရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းအားလည်းကောင်း၊ မြန်မာ့အားကစား

စာမျက်နှာ(၆၇)သို့









စာမျက်နှာ(၆၃)သတင်း◦◦◦မှအဆက်

အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများသည် ယနေ့မွန်းလွဲ (၁)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့ အားကစား လှုပ်ရှားမှုများ ပြခန်းအတွင်းရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် မြန်မာ့အားကစား လှုပ်ရှားမှုများပြခန်းအားလည်းကောင်း၊ မြန်မာ့အားကစားမော်ကွန်းခန်းမအတွင်းရှိ မှတ်တမ်းတင်ထားရှိထားသောနိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ ပုံတူရုပ်တုများအားလည်းကောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ် ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ မှတ်တမ်းများအားလည်းကောင်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိမေးမြန်းခဲ့သည်များကို လူထုအားကစားနှင့် ပညာပေးဌာနခွဲမှ ပြခန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းဖြေကြားခဲ့ပြီးနောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ရေကူးကန်အား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။







(၂၆-၁-၂၀၂၃) ရက်နေ့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ အခြေခံပညာ ကျောင်းသားအားကစားပွဲတော်သို့ လာရောက်ယှဉ်ပြိုင်သည့် အားကစားသမားများအား အောင်မြင်ကျော်ကြားခဲ့သည့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၏ အားကစားစွမ်းဆောင်ခဲ့မှု သမိုင်းမှတ်တမ်းများကို ကြည့်ရှုလေ့လာမှတ်သားပြီး အားကစားကို ပိုမိုစိတ်ပါဝင်စား၍ စိတ်ဓာတ်ခွန်အားများရရှိစေပြီး အတုယူ ကြိုးစားလိုစိတ်များ ဖြစ်ပေါ်လာစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများသည် ယနေ့မွန်းလွဲ (၁) နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစားလုပ်ရှားမှုများ ပြခန်းအတွင်းရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် မြန်မာ့အားကစားလုပ်ရှားမှုများပြခန်းအားလည်းကောင်း၊ မြန်မာ့အားကစားမော်ကွန်းခန်းမအတွင်းရှိ မှတ်တမ်းတင်ထားရှိထားသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ပုံတူရုပ်တုများအားလည်းကောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ် ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ မှတ်တမ်းများအားလည်းကောင်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိမေးမြန်းခဲ့သည်များကို လူထုအားကစားနှင့် ပညာပေးဌာနခွဲမှ ပြခန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီးနောက် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ရေကူးကန်အား ဆက်လက်သွားရောက် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်**
**လူမျိုးတစ်မျိုး၏ သိက္ခာ ဖြစ်သည်။**





# vyf&;Sci,ftEyknm

သိုက်ထန်း(မလှိုင်)

■ ခြေဖနောင့်ထိုး၊ ခေါင်းကိုချိုးလို့
လက်ထိုးယိမ်းနွဲ့၊ ခါးကိုလှည့်ပြီး
သွဲ့နွဲ့ချိုလွင်၊ တေးသံစဉ်မှာ
ချွင်ချွင်စည်းချက်၊ ပြောက်ဝါးချက်နှင့်
မြူးသွက်ကပြ၊ သုခမသည်
တူမျှညီစွာ၊ ကိုယ်ခန္ဓာအား
ညီညာဟန်ထား၊ ကကွက်များကြောင့်
သွေးသားမျှဝေ၊ ညီညွတ်စေ . . . ။

■ ဘယ်ခြေလှမ်းဆဲ၊ ယာလက်လွှဲလို့
ခေါင်းလည်း(လဲ)လှည့်ထား၊ ခါးညွတ်ထားပြီး
မြသားရောင်စဉ်၊ မြက်ခင်းပြင်မှာ



တူယှဉ်လှမ်းတက်၊ ခြေလှမ်းသွက်နှင့်
ဟန်ချက်ထိန်းထား၊ အားကစားသည်
မြင့်မားခိုင်မာ၊ ကိုယ်ခန္ဓာအား
မှန်စွာလှုပ်ရှား၊ ခြေလှမ်းများကြောင့်
အင်အားဖြိုးဝေ၊ ကျန်းမာစေ၏ . . . ။

■ သုခမသည်၊ ခြေလက်တည်လို့
ဟန်ချီခေါင်းခါ၊ ပေါင်းစုအားနှင့်
သံသာကြည်လင်၊ တေးသံစဉ်နှင့်
သက်ဝင်လှုပ်ရှား၊ အားကစားလည်း
ခေါင်းခါးစုလျက်၊ ခြေလှမ်းသွက်နှင့်
စိတ်လက်ညီထား၊ အားမာန်များနှင့်
ထူးခြားလှပ၊ လွန်မြူးကြွသည်
တူမျှနစ်ခု၊ ပေါင်းကာစုပြီး
အနုပညာ၊ တေးသံသာဝယ်၊
စီးကာမျှောလျက်၊ ရှေ့သို့ဆက်မည်
ကိုယ်လက်လှုပ်ရှား၊ ဆေးတစ်ပါးပေါ့ . . . ။

# ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကမ္ဘောဒီးယားအလေးမအဖွဲ့ချုပ် စွမ်းရည်မြှင့်တင်



၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ကမ္ဘောဒီးယား အလေးမအဖွဲ့ချုပ်သည် စွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘောဒီးယား အလေးမအဖွဲ့ချုပ်သည် ကမ္ဘောဒီးယားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုအတွက် ၎င်းတို့၏ လုပ်နိုင်စွမ်းနှင့် ဆောင်ရွက်နိုင်မှု အရည်အသွေးတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသော အားကစား အဖွဲ့ချုပ်များအနက် နောက်ဆုံးဖွဲ့စည်းထားသော အဖွဲ့ချုပ်တစ်ခုဖြစ်ပါသည်။

ကမ္ဘောဒီးယား အလေးမအဖွဲ့ချုပ်အနေဖြင့် လာမည့်အားကစားပြိုင်ပွဲများတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ထမ်းဆောင်မည့် နိုင်ငံတကာနည်းစနစ်ပညာရှင်များ၊ဒိုင်များနှင့် ခုံသမာဓိအဖွဲ့ဝင်များ၏ အရည်အချင်းများ တိုးတက်မြင့်မားလာစေရန် သင်တန်းကို(၄)ရက်ကြာဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

၎င်းသင်တန်းကို ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီ ရုံးချုပ်တည်ရှိရာ ဖနွမ်းပင်မြို့တွင် နိုဝင်ဘာလ(၂၂)ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါသင်တန်းကို ဖနွမ်းပင်မြို့နှင့် အခြားပြည်နယ်များမှ အလေးမဒိုင်များနှင့် ခုံသမာဓိအဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြပါသည်။

အရှေ့တောင်အာရှ အလေးမအဖွဲ့၏ ပထမဦးဆုံး ဒုတိယဥက္ကဋ္ဌလည်းဖြစ်ပြီး နိုင်ငံတကာအလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်ကျွမ်းကျင်သူ Yong Joo Liaw မှ သင်တန်းတွင် ခေါင်းစဉ်(၁၀)ခုဖြင့် ဆွေးနွေးပို့ချခဲ့ပါသည်။ လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နောင်ဆက်လက်ကျင်းပမည့် ပြည်တွင်း အလေးမအားကစားပြိုင်ပွဲများတွင် အထောက်အကူပြုရေးဦးတည်လျက် ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

"၎င်းတို့သည် ပြည်တွင်းနှင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် ၎င်းတို့ထမ်းဆောင်ရမည့် တာဝန်များကို အကောင်းဆုံး ထမ်းဆောင်ကြလိမ့်မည်"ဟု ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တတိယအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို နိုဝင်ဘာလ(၂၁)ရက်နေ့မှ နိုဝင်ဘာလကုန်အထိ ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါဖွင့်ပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ ကမ္ဘောဒီးယား အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ Vath Chamroeun မှ တက်ရောက်ချီးမြှင့်ခဲ့ပါသည်။


အဆိုပါ အလေးမသင်တန်းတွင် ပါဝင် တက်ရောက်သူများအနေဖြင့် နိုင်ငံတကာအလေးမ နည်းစနစ်သစ်များအကြောင်းကို လေ့လာသိရှိနိုင်မည့် အခွင့်အလမ်းကောင်းများ ဖြစ်သည်သာမက ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြင်ဆင်ဆောင်ရွက်ရန်နှင့် ပြိုင်ပွဲအလွန်ကာလများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ပါကြောင်းVath Chamroeun မှ ပြောကြားခဲ့ပါသည်။

ဘာသာပြန်-
ဒေါ်ယဉ်ငြိမ်းချမ်း၊ ဦးစီးမှူး
(သုတေသန)
ဒေါ်စိုးမေဝင်း(ကွန်ပျူတာစီစဉ်ရေးမှူး)
ဦးအောင်ပိုင်ဖြိုး (ရုံးအကူ)

စာမျက်နှာ(၆၄)သတင်း...မှအဆက်

မော်ကွန်းခန်းမအတွင်းရှိ မှတ်တမ်းတင်ထားရှိထားသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ ပုံတူရုပ်တုများ အားလည်းကောင်း၊(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ မှတ်တမ်းများအားလည်းကောင်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိမေးမြန်းခဲ့သည်များကို လူထုအားကစားနှင့်ပညာပေးဌာနခွဲမှ ပြခန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ပြီးနောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ရေကူးကန်အား ဆက်လက်သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ ■





# ကမ္ဘောဒီးယားနိုင်ငံမှ ဗိုလ်ချုပ်ကြီး Khiev Sameth အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရ



ကမ္ဘောဒီးယားနိုင်ငံမှ ဗိုလ်ချုပ်ကြီး Khiev Sameth သည် အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF) ဥက္ကဋ္ဌအဖြစ် နောက်ထပ်သက်တမ်းတစ်ခု ထပ်မံရွေးချယ်ခံခဲ့ရပါသည်။

အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ်(AFF) အဖွဲ့ဝင်များသည် အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ်မှ နောက်ဆုံးကျင်းပခဲ့သည့် ပုံမှန်ညီလာခံတွင် ဗိုလ်ချုပ်ကြီး Khiev Sameth အား (၂၀၂၂)ခုနှစ်မှ (၂၀၂၆)ခုနှစ်အထိ သက်တမ်းအတွက် ထပ်မံတာဝန်ပေးအပ်ရန် ကန့်ကွက်မဲမရှိ တညီတညွတ်တည်း ထောက်ခံခဲ့ကြပါသည်။

အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ်(AFF)တွင် ဖိလစ်ပိုင်၊ မလေးရှား၊ဘရူနိုင်း၊တီမောလက်စ်တီ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ကမ္ဘောဒီးယားဘောလုံးအဖွဲ့ချုပ်တို့ အဖွဲ့ဝင်အဖြစ် ပါဝင်ကြပါသည်။

ယခုနှစ် အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ်(AFF) ပုံမှန်ညီလာခံကို ကမ္ဘောဒီးယားနိုင်ငံ၊ Siem Reap ပြည်နယ်ရှိ Sofitel Angkor Phokeethra Golf & Spa Resort တွင် နိုဝင်ဘာလ (၁၄)ရက်နေ့က ကျင်းပခဲ့ပါသည်။

ယခုညီလာခံသည် အရှေ့တောင်အာရှဘောလုံးအဖွဲ့ချုပ်(AFF)နှင့် ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဒုတိယမြောက် အခမ်းအနားဖြစ်ပါသည်။ ၂၀၂၂ခုနှစ် အရှေ့တောင်အာရှ အသက်(၂၃)နှစ်အောက် ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ (၁၄) ရက်နေ့မှ(၂၆)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးခဲ့ပြီး ဖြစ်ပါသည်။

Pengiran Matusin bin Pengiran (ဘရူနိုင်း)၊ Maaike Ira Puspita (အင်ဒိုနီးရှား)နှင့် Francisco Martins da Costa Pereira Jeronimo (တီမောလက်စ်တီ)တို့ကို ဒုတိယဥက္ကဋ္ဌများအဖြစ် မဲပေးရွေးချယ်ခဲ့ကြပါသည်။

ဗိုလ်ချုပ်ကြီး Sameth သည် လွန်ခဲ့သည့်သုံးနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသော အရှေ့တောင်အာရှဘောလုံးအဖွဲ့ချုပ် (AFF) ညီလာခံတွင် ဥက္ကဋ္ဌ ရာထူးနေရာအတွက် ပထမဆုံး ရွေးချယ်ခံခဲ့ရကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့ပါသည်။ ထိုအချိန်က ဗိုလ်ချုပ်ကြီးသည် ကမ္ဘောဒီးယားဘောလုံးအဖွဲ့ချုပ်(FFC)၏ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီး Sameth သည် ဥက္ကဋ္ဌရာထူးတွင် တာဝန်ထမ်းဆောင်နိုင်သည့် ပထမဆုံးသော ကမ္ဘောဒီးယားနိုင်ငံသားတစ်ဦး ဖြစ်ပါသည်။

စင်ကာပူ ဘောလုံးအဖွဲ့ချုပ် (FAS) ဥက္ကဋ္ဌ Lim Kia To၊ အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ် (AFF) ဒု-ဥက္ကဋ္ဌသည် လွန်ခဲ့သည့် စက်တင်ဘာလတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း စင်ကာပူသတင်းဌာနများက ဖော်ပြခဲ့သည့်အတွက် လစ်လပ်လျက်ရှိသော အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ် (AFF) ဒုတိယဥက္ကဋ္ဌရာထူး ရွေးကောက်ပွဲကို လာမည့် အရှေ့တောင်အာရှဘောလုံးအဖွဲ့ချုပ်(AFF) ပုံမှန်ညီလာခံ (သို့) AFF အထူးညီလာခံတွင် ရွေးချယ်မည်ဖြစ်ကြောင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် FIFA Development Project Coordinator Niko Nhouvannasak ၏ LinkedIn ပို့စ်မှ ဖော်ပြချက်အရ သိရှိရပါသည်။

Chris Nikou (ဩစတေးလျ)၊ Viphet Sihachakr (လာအို)၊ Datuk Haji Hamidin Bin Haji Mohd Amin(မလေးရှား)၊ကိုကိုသိန်း (မြန်မာ)နှင့် Thanasak Surapraserrt (ထိုင်း)တို့ကို အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ်(AFF) ကောင်စီအဖွဲ့ဝင်များအဖြစ် ဆန္ဒမဲပေးရွေးချယ်ခဲ့ကြပါသည်။

အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ် (AFF) အမျိုးသမီးကောင်စီအဖွဲ့ဝင် ရာထူးနေရာအတွက် Teo Chwee Lian Julie (စင်္ကာပူ)အား ရွေးချယ်ခဲ့ပါသည်။

ညီလာခံသို့ ကမ္ဘောဒီးယားဘောလုံးအဖွဲ့ချုပ် (FFC) ဥက္ကဋ္ဌ Sao Sokha၊ အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ်(AFF) ဒု-ဥက္ကဋ္ဌ Dato Sri Francisco Kalbuadi Lay (Timor-Leste) နှင့် တရုတ်တိုင်ပေ၊ ဂျပန်၊ တရုတ်၊ ဆော်ဒီအာရေးဗီးယားနှင့် တောင်ကိုရီးယားတို့မှ ဘောလုံးတာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြပါသည်။

ဘာသာပြန်-
ဒေါ်ဇာလီမော်(ရုံးအုပ်)၊
ဒေါ်ကြည်ကြည်မေ(ဌာနခွဲစာရေး)၊
ဒေါ်သီသီလှိုင် (ကွန်ပျူတာ စီစဉ်ရေးမှူး)

**အားကစားအမျိုးအစား ( ၄ ) မျိုး**

၁။ Competitive Sport - ယှဉ်ပြိုင်အားကစား
၂။ Leisure Sport - အပန်းဖြေအားကစား
၃။ Traditional Sport - ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျင်၊ ထုတ်ဆီးတိုး)
၄။ Mass Sport - လူထုအားကစား

# ဗီယက်နမ်နိုင်ငံမှ အားကစားသမား(၅)ဦး ဒုတိယအကြိမ် ဆေးစစ်ချက်၌ မအောင်မြင်၍ ကာလရှည်တားမြစ်ခြင်းခံရ





၂၀၂၂ခုနှစ်၊ မေလတွင် ဗီယက်နမ်နိုင်ငံ၌ကျင်းပခဲ့သော အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သော အမျိုးသမီး(၄)ဦးနှင့်ကြေးတံဆိပ်ရရှိခဲ့သော အမျိုးသား(၁)ဦးတို့သည် တားမြစ်ဆေး သုံးစွဲမှုနှင့်ပတ်သက်ပြီး ဒုတိယအကြိမ် ဆေးစစ်ချက်၌ မအောင်မြင်၍ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်ရရှိခဲ့သော ဆုတံဆိပ်များကို လက်လွှတ်လိုက်ရပြီး ကာလရှည်ကြာ တားမြစ်ခြင်း ခံခဲ့ရသည်။

ထိုအားကစားသမားများသည် ၎င်းတို့ အဘယ်ကြောင့် ဆေးစစ်ချက်မအောင်မြင်ရခြင်းကို ရှင်းပြရန် အရှေ့တောင်အာရှ အားကစားကောင်စီနှင့် တွေ့ဆုံရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် မည်သည့်စိတ်ကြွဆေးကိုမှသုံးစွဲထားခြင်းမရှိဘဲ အစားအသောက်များ(သို့မဟုတ်) ပဋိဇီဝဆေးများကြောင့်သာ ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုခဲ့သည်။

အားကစားသမားများအနေဖြင့် ကင်းလွတ်ခွင့်ရရန် အခွင့်အရေးလုံး၀ နည်းပါးသည်ဟု ဗီယက်နမ်နိုင်ငံမှအမည်မဖော်လိုသည့် သတင်းအရင်းအမြစ်တစ်ခုမှ ပြောကြားခဲ့သည်။

၎င်း အားကစားသမားများ၏ တားမြစ်ဆေး ကင်းလွတ်ခွင့်သည် အနည်းငယ်မျှသာရှိသည်ဟု အမည်မဖော်လိုသည့် သတင်းအရင်းအမြစ်တစ်ခုမှ Vn Express သို့ ပြောကြားခဲ့သည်။

အားကစားသမားများအနေဖြင့် တားမြစ်ဆေးဝါး သုံးစွဲကြောင်းထင်ရှားပါက ၎င်းတို့၏ ဆုတံဆိပ်များ ဆုံးရှုံးရုံသာမက ပြိုင်ပွဲယှဉ်ပြိုင်ခွင့် နှစ်ရှည်အပိတ်ခံရမည်ဖြစ်သည်။ ပြိုင်ပွဲစီစဉ်သူများအနေဖြင့် ပြိုင်ပွဲဝင် ၁၀၀၀ ခန့်ကို ကျပန်းဆေးစစ်မှုများ ပြုလုပ်ခဲ့ကြသည်။

ဗီယက်နမ်သည် ၂၀၀၃ ခုနှစ်မှစတင်ကာ တားမြစ်ဆေးဝါးသုံးစွဲမှု ၁၉ခုကို မှတ်တမ်းတင်ခြင်းခံခဲ့ရသည်။ အများစုမှာ ဆီးဆေး(သို့မဟုတ်) ဆီးဆေးများကဲ့သို့သော တားမြစ်ဆေးဝါးသုံးစွဲမှုတိုက်ဖျက်ရေး ကျွမ်းကျင်မှု အားနည်းခြင်းနှင့် အသိပညာနည်းပါးမှုတို့ကြောင့်ဖြစ်သည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့ထိ ဟနွိုင်းနှင့် အိမ်နီးချင်းပြည်နယ်များတွင် အားကစားနည်း ၄၀ မျိုး၊ ပြိုင်ပွဲ အမျိုးအစား (၅၂၆)မျိုးဖြင့် ကျင်းပခဲ့ပြီး အရှေ့တောင်အာရှဒေသနိုင်ငံများမှ တာဝန်ရှိသူများ၊ ဒိုင်များနှင့်အားကစားသမား(၁၀၀၀၀)ကျော် ပါဝင်ခဲ့သည်။ ဗီယက်နမ်သည် အားကစားသမားပေါင်း (၁၃၄၁)ဦးဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်(၂၀၅)ခု၊ ငွေတံဆိပ်(၁၂၅)ခု၊ ကြေးတံဆိပ်(၁၁၆)ခု ရရှိခဲ့ပြီး ပထမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဘာသာပြန်-ဒေါ်နှင်းလဲ့အောင်(ရုံးအုပ်)
ဦးမင်းဝေဖြိုး (အငယ်တန်းစာရေး)
ဒေါ်ဟန်နီဝင်း (အငယ်တန်းစာရေး)
ဦးမျိုးကိုကို(စာကူး/စက်လှည့်အကူ)

# ၂၀၂၄ ကမ္ဘာ့ဖလားဖူဆယ်ခြေစစ်ပွဲနှင့် ၂၀၃၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အောင်မြင်ရန် ဗီယက်နမ်နိုင်ငံက ရည်မှန်းထား



ဗီယက်နမ် ဘောလုံးအဖွဲ့ချုပ်(VFF)သည် တနင်္ဂနွေနေ့က ကျင်းပခဲ့သော နှစ်ပတ်လည် ညီလာခံတွင် လက်ရွေးစင် အမျိုးသားဘောလုံးအသင်း ၂၀၃၀ ခုနှစ်၊ ဖီဖာကမ္ဘာ့ဖလား နောက်ဆုံးအဆင့် ခြေစစ်ပွဲအောင်မြင်ရေး ရည်မှန်းချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

အဆိုပါ ညီလာခံတွင် လက်ရှိဖီဖာအဆင့် သတ်မှတ်ချက်(၉၆)ရှိသော နိုင်ငံ့လက်ရွေးစင် ဘောလုံးအသင်းကို အာရှအကောင်းဆုံးအသင်း(၁၀)သင်းစာရင်းတွင် ပါဝင်လာစေရန်နှင့် ၂၀၂၆ဖီဖာကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ တတိယအဆင့်သို့

စာမျက်နှာ(၇၀)သို့

# ကမ္ဘောဒီးယား ကြေးစားလက်ဝှေ့ကော်မရှင်သည် ကမ္ဘာ့လက်ဝှေ့ကောင်စီတွင် အဖွဲ့ဝင်ဖြစ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိ

ကမ္ဘောဒီးယား လက်ဝှေ့အဖွဲ့ချုပ်၏ အဖွဲ့ခွဲတစ်ခုဖြစ်သည့် ကမ္ဘောဒီးယား ကြေးစားလက်ဝှေ့ကော်မရှင်သည် ကမ္ဘာ့လက်ဝှေ့ကောင်စီတွင် အဖွဲ့ဝင်ဖြစ်လာရန် စွမ်းရည်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။



ကမ္ဘောဒီးယား ကြေးစားလက်ဝှေ့ကော်မရှင်သည် ကြေးစားလက်ဝှေ့ပြိုင်ပွဲဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်း(၄)ခုဖြစ်သည့် ကမ္ဘာ့လက်ဝှေ့ကောင်စီ(WBC)၊ကမ္ဘာ့လက်ဝှေ့ အစည်းအရုံး(WBA)၊ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ် (IBF)နှင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်(WBO)တို့အနက် တစ်ခုအပါအဝင်ဖြစ်သော ကမ္ဘာ့လက်ဝှေ့ကောင်စီ(WBC)တွင် အဖွဲ့ဝင်ဖြစ်လာရန် ကြေးစားလက်ဝှေ့ဒိုင်များအတွက် သင်တန်းတစ်ခုဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါသင်တန်းကို ဖနွမ်းပင်မြို့ရှိ ကမ္ဘောဒီးယားအမျိုးသားအိုလံပစ်ကော်မတီ(NOCC)ရုံးချုပ်တွင် နိုဝင်ဘာလ(၁၆)ရက်နေ့မှ (၁၇)ရက်အထိ ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းတွင် ဂျပန်နိုင်ငံမှ နည်းပြ Yasukochi မှ ပို့ချခဲ့ပြီး ဖနွမ်းပင်နှင့် အခြားပြည်နယ်များမှ သင်တန်းသား(၁၀)ဦး တက်ရောက်ခဲ့ပါသည်။

ကမ္ဘောဒီးယား ကြေးစားလက်ဝှေ့ကော်မရှင်သည် ဖနွမ်းပင်မြို့ရှိ အိုလံပစ်အားကစားရုံ၌ ယနေ့ကျင်းပပြုလုပ်မည့် ၂၀၂၂ ခုနှစ်၊ ကြေးစား လက်ဝှေ့ပြိုင်ပွဲတွင် သင်တန်းသားဒိုင်လူကြီးများ၏ ကျွမ်းကျင်မှုကို လက်တွေ့စစ်ဆေးမည်ဖြစ်ပါသည်။

ယခုသင်တန်းသည် ကမ္ဘာ့လက်ဝှေ့ကောင်စီတွင် အဖွဲ့ဝင်ဖြစ်ရန် အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အဖွဲ့ဝင်ဖြစ်စေရန် ကြေးစားလက်ဝှေ့ဒိုင်များနှင့် ကြေးစားလက်ဝှေ့ကစားသမားများလည်း လိုအပ်ပါကြောင်း၊ ကမ္ဘောဒီးယား ကြေးစားလက်ဝှေ့ကော်မရှင် ဥက္ကဋ္ဌ Buy Sophoan က ပြောကြားခဲ့ပါသည်။

ယခုသင်တန်းသည် မန်နီပက်ကွီယိုနှင့် မယ်ဝယ်သာတို့ကဲ့သို့ ကမ္ဘာ့အကောင်းဆုံး ကြေးစားကစားသမားများ ယှဉ်ပြိုင်ကြသော နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲများတွင် ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်နိုင်မည့် အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယား ကြေးစားလက်ဝှေ့ကော်မရှင်ကို ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန၊ ကမ္ဘောဒီးယား အမျိုးသားအိုလံပစ်ကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်တို့၏ခွင့်ပြုချက်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ အပျော်တမ်းနှင့် ကြေးစားလက်ဝှေ့လောက(၂)မျိုးလုံးအတွက် ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် တရားဝင်ဖွဲ့စည်းခဲ့ပါသည်။

ကမ္ဘောဒီးယား ကြေးစားလက်ဝှေ့ကော်မရှင်ကို အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံအတွင်းပြိုင်ပွဲများ ကျင်းပနိုင်ရန်၊ နိုင်ငံတကာပြိုင်ပွဲများတွင် ကမ္ဘောဒီးယားလက်ဝှေ့ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် လမ်းညွှန်စီမံခန့်ခွဲပေးခြင်းများ ဆောင်ရွက်ရန် တာဝန်ယူဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်လာစေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ဘာသာပြန်-
ဒေါ်ခင်သက်ဆွေ(ဌာနခွဲစာရေး)
ဒေါ်အိအိသက် (အငယ်တန်းစာရေး)
ဒေါ်ရွှေမော်ဝင်း(ရုံးအကူ)

---

▶ စာမျက်နှာ(၆၉)သတင်း•••မှအဆက်

တက်လှမ်းနိုင်ရေးအပါအဝင် အခြားရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။

အသင်းအနေဖြင့် ၂၀၂၃ ခုနှစ်၊ အာရှဖလား ရှုံးထွက်ပြိုင်ပွဲအထိ တက်လှမ်းနိုင်ရေးနှင့် ၂၀၂၇ ခုနှစ်၊ အာရှဖလားပြိုင်ပွဲတွင် ဖိုလ်လုပွဲအထိ တက်လှမ်းနိုင်ရေး ရည်မှန်းထားပါသည်။

၂၀၂၂ ခုနှစ်၊ ၂၀၂၄ခုနှစ်နှင့် ၂၀၂၆ ခုနှစ်၊ အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲများတွင် ဖိုလ်လုပွဲအထိ ရောက်ရှိရန်နှင့် အနည်းဆုံး (၁)ကြိမ် ဖိုလ်စွဲရန် ရည်မှန်းထားပါသည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ချန်ပီယံ ရွှေတံဆိပ်ဆုကို အောင်မြင်စွာ ကာကွယ်နိုင်ရန် ရည်မှန်းထားပါသည်။

ကမ္ဘာ့အဆင့်(၄၀)တွင်ရပ်တည်နေသော အမျိုးသားဖူဆယ်လက်ရွေးစင်အသင်းအနေဖြင့် အရှေ့တောင်အာရှဒေသတွင်း အင်အားအကောင်းဆုံး ဖူဆယ်အသင်း(၃)သင်းတွင် ပါဝင်ရန်နှင့် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်၊ အာရှဖူဆယ်ဖလားပြိုင်ပွဲ နောက်ဆုံးအဆင့် ခြေစစ်ပွဲအောင်မြင်ရန်၊ ၂၀၂၄ခုနှစ်၊ ဖီဖာဖူဆယ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ရန် ရည်မှန်းထားပါသည်။

ဗီယက်နမ် ဘောလုံးအဖွဲ့ချုပ်သည် လက်ရှိ ကမ္ဘာ့အဆင့်(၃၄)ရှိသည့် အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းကို အာရှထိပ်သီး ဘောလုံးအသင်း(၆)သင်းအဆင့်တွင် ပါဝင်ရန်၊ ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၂၃ ခုနှစ် ဖီဖာအမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်ပေးရန်နှင့် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကို အောင်မြင်စွာ ကာကွယ်နိုင်ရန်အတွက်လည်း ရည်မှန်းချက် ချမှတ်ထားပါသည်။

ဘာသာပြန်သူ-
ဒေါ်အေးအေးလှိုင်၊ ဦးစီးမှူး (ကွန်ပျူတာ)
ဒေါ်နွေးနွေး(အငယ်တန်းစာရေး)
ဦးထက်သူ(ရုံးအကူ)

**ဇာတိသွေးမာန် ထက်သန်ရန် အားကစားက အခြေခံ**









နောက်ကျောဖုံးသတင်း...မှအဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် ရေဝတီတိုင်းဒေသကြီး အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့်တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများသည် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ ယခုကျင်းပပြုလုပ်သည့် (၂၀၂၂-၂၀၂၃) ပညာသင်နှစ်၊ အခြေခံပညာကျောင်းသား အားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းများအား တစ်သင်းလျှင် ငွေကျပ်သိန်း ၅၀ စီကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ (၂၀၂၂-၂၀၂၃) ပညာသင်နှစ်၊ အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ဇန်နဝါရီ ၁၇ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အခြေခံပညာကျောင်းသား အားကစားပြိုင်ပွဲမှ စတင်၍ အားကစားထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်လေ့ကျင့်ပေးသွားပါက အခြေခံကျောင်းသားများ တက္ကသိုလ်တက်ရောက်ချိန်တွင် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲများကိုလည်း အရည်အသွေးပိုမိုကောင်းမွန်စွာဖြင့် ပါဝင်ယှဉ်ပြိုင်သွားနိုင်မည်ဖြစ်ပြီး နိုင်ငံ့လက်ရွေးစင် အားကစားသမားများလည်း ပိုမိုပေါ်ထွက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။







# (၂၀၂၂-၂၀၂၃) ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်



● နေပြည်တော်၊ ဇန်နဝါရီလ(၂၇)ရက်။

(၂၀၂၂-၂၀၂၃) ပညာသင်နှစ်၊ အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ အားကစားမောင်မယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် (၂၀၂၂-၂၀၂၃)ပညာသင်နှစ်၊ အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ (အမျိုးသား)ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါပွဲစဉ်တွင် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေး ယှဉ်ပြိုင်ကြပြီး ပွဲစလျှင်စချင်း၌ပင် ရောဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁၀)က အဖွင့်ဦးဆောင်ဂိုးကိုတစ်ဦးချင်းအစွမ်းပြ၍ လုပစ္စာသွင်းယူရရှိခဲ့ပြီး ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် တစ်ဖက်နှင့်တစ်ဖက် ဆက်လက်ထိုးဖောက်ကစားခဲ့သော်လည်း ဂိုးရရှိခဲ့ခြင်း မရှိခဲ့ဘဲ ပထမပိုင်းပွဲကစားချိန်ပြီးဆုံးခဲ့သည်။

ယင်းနောက် ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာ ပွဲကစားချိန် ၅၃ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ချေပဂိုးပြန်လည် သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၆၄ မိနစ်တွင် ရောဝတီတိုင်းဒေသကြီးအသင်းက ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီးတွင် ရောဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ အသင်းလိုက်ပူးတွဲ တတိယဆုရရှိသည့် ရှမ်းပြည်နယ် အသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းကလည်းကောင်း၊ အသင်းလိုက် ပူးတွဲ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးအသင်းအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ(၇၁)သို့ ▶



